# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း (မူကြမ်း)
## ၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
## (၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းကဆောင်ရွက်ပြီး ၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊၁၀ း ၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ နဝမနေ့အစီအစဥ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီ ခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး နဝမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၈၅ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၇.၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးဇော်ဇော်မိုး(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်သည် တပ်မတော်သား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း-၂၅၂၉၅ ဗိုလ်မှူးဇော်ဇော်မိုး ဖြစ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း-၃၃၄၅၀ ယာယီတပ်ခွဲမှူး ဗိုလ်မှူး ဗိုလ်ကြီးအောင်မြတ်ဌေး၏ ကိုယ်စားခွင့်တိုင်ကြား အပ်ပါတယ်ခင်ဗျား။ ယာယီတပ်ခွဲမှူး ဗိုလ်မှူး ဗိုလ်ကြီးအောင်မြတ်ဌေးသည် အမှတ်-၂ တပ်မတော် ဆေးရုံခုတင် ၁၀၀၀ တွင် ဆက်လက် ဆေးကုသမှုခံယူနေဆဲဖြစ်ပါသဖြင့် ၁-၉-၂၀၁၁ ရက်မှ ၂-၉-၂၀၁၁ ရက်နေ့အထိ (၂)ရက် ခွင့်ခံစားခွင့်ပြုပါရန် ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးဘရှိန် (ကျောက်ဖြူမဲဆန္ဒနယ်)**။ ။လေးစားရပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မင်းပြားမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာဟာ နေမကောင်းဖြစ်နေတဲ့အတွက်ကြောင့် စည်ပင်ဧည့်ရိပ်သာဆေးခန်း တာဝန်ခံဆရာဝန်က အနားယူဖို့ ညွှန်ကြားထားပါတယ်။ သို့ဖြစ်ပါ၍ ဦးအောင်စိန်သာအား ယနေ့ ၁-၉-၂၀၁၁ နေ့နဲ့ မနက်ဖြန် ၂-၉-၂၀၁၁ နေ့ (၂) ရက်ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးအောင်စိန်သာ ကိုယ်စားလေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် ဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်က ခုတင်၁၀၀၀ဆေးရုံရဲ့ ညွှန်ကြားချက် အရ ရန်ကုန်မြို့သွေးဌာနမှာ ဆေးစစ်ရန် မနေ့ည ၁၀ နာရီကပင်သွားရောက်ခဲ့ရပါတယ်။ ဒါ့ကြောင့် ဒီနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကို တက်ရောက်နိုင်ခြင်းမရှိပါ။ ၁-၉-၂၀၁၁မှ ၄-၉-၂၀၁၁ရက်နေ့အထိ ဦးကြည်မြင့်အား ခွင့်ပေးပါရန် လေးစားစွာပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန် ၊ ၁၀း ၁၀**။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက် ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၉၅ ဦး၊ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ ၇ ဦး၊ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါ သလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၇ အရအမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုသော အလုပ်သမား အဖွဲ့အစည်းများဥပဒေကြမ်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများကို လွှတ်တော်က ၃၀-၈-၂၀၁၁ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ယင်းဥပဒေကြမ်း များ၏ မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီထံစိစစ်နိုင်ရန်နှင့် ကိုယ်စားလှယ်များ ထံလေ့လာနိုင်ရန် ဖြန့်ဝေထားပါတယ်။ ဒီဥပဒေကြမ်းများကို လာမယ့်အပတ် အတွင်းမှာပဲ ဆွေးနွေး ရန် လျာထားပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ နည်းဥပဒေကြမ်းများကို စိစစ်ပြီးကော်မတီရဲ့ အစီရင်ခံစာနဲ့အတူလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် တင်သွင်းရမှာဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့အပိုဒ်၊ အကြောင်းအရာ အတိအကျဖော်ပြ၍ ၅-၉-၂၀၁၁ ရက်နေ့ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

### ဝန်းသိုမြို့နယ်အတွင်းဒေါင်းမြူးတမံတည်ဆောက်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

အချိန်၊ ၁၀း၁၉။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း တို့နဲ့ ပြည့်စုံပါစေကြောင်းဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီးမှ ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်အတွင်း တည်ဆောက်ရန်လျာထားတဲ့ ဒေါင်းမြူးတမံ စီမံကိန်းနဲ့ပတ်သက်ပြီး တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဝန်းသိုမြို့နယ်ဟာ မူးမြစ်တို့ ဖြတ်သန်း စီးဆင်းတဲ့ဒေသမျိုးမဟုတ်ပါဘူး။ တောတောင်များထူထပ်ပြီး မိုးရွာသွန်းမှုများပြားတဲ့ ဒေသဖြစ်တဲ့ အတွက် တောင်ကြောများ၊ တောင်တန်းများကို အခြေပြုပြီး ချောင်းမြောင်းများ စတင်စီးဆင်းတဲ့ဒေသ တစ်ခုဖြစ်ပါတယ်။ သဖန်းဆိပ်ရေလှောင်တမံရဲ့ ရေဝေရေလဲဒေသလည်း ဖြစ်ပါတယ်။ စိုက်ပျိုးရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ စိုက်ပျိုးရေးအတွက် တောင်ကျချောင်းများကို ပိတ်ဆို့ပြီး သွယ်တန်းအသုံးပြုနေကြရတဲ့အတွက် မိုးရာသီသီးနှံများကိုသာ အဓိကစိုက်ပျိုးနေကြပါ တယ်။ တစ်နှစ်အတွင်းသီးထပ် ထပ်မံစိုက်ပျိုးနိုင်မှု အားနည်းပါတယ်။ စိုက်ပျိုးရေများကို ကြီးမားတဲ့ တာတမံကြီးများဖြင့် ထိန်းသိမ်းထားပြီး စိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်သင့်တဲ့ ဒေသလည်းဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက် အထူးစီမံကိန်းကြီးများ အစည်းအဝေးမှာ တည်ဆောက်ခွင့်ပြုခဲ့ပြီး မြေနေရာ ရွေးချယ်မှုလုပ်ငန်းများ၊ တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသို မြို့နယ်အတွင်း တည်ဆောက်ရန်လျာထားတဲ့ ဒေါင်းမြူးတမံစီမံကိန်းအား မည်သည့် အချိန်ကာလတွင် စတင်တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ် ခင်ဗျား။(သြဘာသံများ)

**ဘဏ်ချေးငွေများ ပြန်လည်ကောက်ခံမှုနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၂၀။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နှင့် တောင်သူလယ်သမားများ အကျိုးပြုနိုင်မယ့် မေးခွန်းလွှာတစ်ခုကို ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဤလွှတ်တော်သို့ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများသို့ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများထုတ်ချေးရာတွင် မိုးရာသီဘဏ်ချေးငွေအတွက် ပြန်လည်ပေးဆပ်ရမယ့် နောက်ဆုံး ရက်ကို နောက်နှစ်မတ်လ ၃၁ ရက်လို့ဌာနရဲ့ ညွှန်ကြားစာ ပူးတွဲဇယားမှာ ဖော်ပြထားတာကို လေ့လာ တွေ့ရှိရပါတယ်။ ဘဏ်ချေးငွေစာချုပ်များတွင်လည်း တစ်နှစ်အတွင်း ပေးဆပ်ရမယ်လို့ ဖော်ပြထား ကြောင်းတွေ့ရှိရပါတယ်။ သို့သော်လည်းပဲ မိုးရာသီချေးငွေအမှန်တကယ် ပြန်လည်ကောက်ခံရာမှာ မြို့နယ်ဘဏ်ခွဲအသီးသီးက လွန်ခဲ့သော ခုနှစ် နှစ်ခန့်မှစ၍ နှစ်စဥ် သတ်မှတ်ချက်ထက်၊ သတ်မှတ်တဲ့ ရက်ထက် တစ်လခန့်ကြိုတင်၍ နောက်နှစ် ဖေဖော်ဝါရီ ၁၅ ရက် သို့မဟုတ် ၂၀ ရက် အတွင်းအပြေ အကြေပေးသွင်းစေခဲ့သဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများမှ မဖြစ်မနေ ပေးဆပ်ခဲ့ကြပါကြောင်း လေ့လာသိရှိရပါတယ်။ ယခုလို မိုးရာသီဘဏ်ချေးငွေကို နောက်ဆုံးရက် ဖေဖော်ဝါရီ ၁၅၊ ၂၀ ရက်အတွင်း မဖြစ်မနေပေးသွင်းစေခြင်းဖြင့် အချို့ ပဲစိုက်တောင်သူများမှာ ပဲစင်းငုံ၊ ကုလားပဲ၊ သီးနှံရိတ်သိမ်းဆဲကာလဖြစ်ခြင်း၊ ရာသီဥတုအခြေအနေ၊ လုပ်အားအခြေအနေတွေ ကြောင့် ရိတ်သိမ်းရန် စောင့်ဆိုင်းဆဲကာလဖြစ်ခြင်းတို့ကြောင့် ငွေပေါ်သီးနှံဖြစ်တဲ့ ပဲစင်းငုံ၊ ကုလားပဲ၊ သီးနှံများ လှိုင်လှိုင်မပေါ်သေးတဲ့ကာလနှင့် ကြုံကြိုက်လျက်ရှိပါတယ်။ ဘဏ်ချေးငွေ ပေးဆပ်နိုင်ရေး အတွက် ပဲသီးနှံပေါ်ချိန် ရက်ပိုင်း၊ လပိုင်းအလိုကာလမှာပင် သီးနှံကြိုတင်ပေးယူ၍ ပေးဆပ်ရခြင်း၊ ပြင်ပမှငွေတိုးနှုန်း၁၀၀လျှင် ရှစ်ကျပ်၊ ၁၀ အထိ ငွေတိုးဖြင့် ချေးငှားပေးဆပ်ကြရခြင်းစတဲ့ အခက်အခဲ များနှင့် နစ်နာမှုများကြုံတွေ့ နေကြရပါတယ်။ ယခုကဲ့သို့မိုးရာသီ ဘဏ်ချေးငွေကို နောက်ဆုံးပေးဆပ် ရမည့် သတ်မှတ်ရက်ထက် တစ်လခန့်ကြိုတင်၍ မဖြစ်မနေ ကောက်ခံပေးသွင်းစေခဲ့သဖြင့် နိုင်ငံတော် ဘက်မှတစ်လတာဘဏ်တိုးငွေ နစ်နာမှုရှိခဲ့သလို တောင်သူလယ်သမားများ ဘက်မှလည်းပဲ ပြင်ပ ငွေရှင်၊ ကြေးရှင်များကို ကြီးမားတဲ့အတိုးငွေ ပေးလိုက်ရတဲ့အတွက် နိုင်ငံတော်ရဲ့စေတနာနဲ့ ဆောင်ရွက်ပံ့ပိုးပေးသော သက်သာတဲ့အတိုးနှုန်းကို မခံစားကြရတော့သလို ဖြစ်ပြီးတော့ နိုင်ငံတော်နဲ့ တောင်သူလယ်သမား နှစ်ဦးနှစ်ဖက်လုံး နစ်နာမှုများရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ယခုနှစ်ထုတ်ချေးပေးထားတဲ့ မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများပြန်လည်ကောက်ခံခြင်းမှစ၍

အပြေအကြေပေးဆပ်ရမယ့်နောက်ဆုံးရက်ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ မြို့နယ်ဘဏ်ခွဲ အသီးသီးရှိဘဏ်ခွဲများမှ မတ်လ ၃၁ ရက် သို့မဟုတ် မတ်လတတိယပတ်အထိ စောင့်ဆိုင်းကောက်ခံ ပေးနိုင်ရေးကို ပဲစိုက်တောင်သူများ၏ အခက်အခဲနှင့် နစ်နာမှုများရှေးရှုပြီးတော့ စီစဥ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**မြစ်ရေတင်စီမံကိန်း ၁၊ ၂ နှင့် ၃ တို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးကျော်မြင့်(အရာတော်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အရာတော်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ အရာတော်မြို့နယ်မှာ နိုင်ငံတော်က စိုက်ပျိုးရေရရှိရေးအတွက် လျှပ်စစ်မြစ်ရေတင်စီမံကိန်း သုံးခုဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီ သုံးခုဆောင်ရွက်တဲ့နေရာမှာ မြစ်ရေတင်(၂)နှင့်(၃)ကိုတော့ ကျွန်တော်တို့ ဆောင်ရွက်တာ လျှပ်စစ်သွယ်တန်းဖို့ပဲ ကျန်ပါတော့တယ်။ မြစ်ရေတင်စီမံကိန်း(၁)ကိုတော့ ယခုအချိန်အထိ ဆောင်ရွက်ခြင်းမရှိသေးပါဘူး။ ဒါကြောင့်မို့လို့ အရာတော် မြစ်ရေတင် (၁)စီမံကိန်းကို တည်ဆောက်ဖို့ အစီအစဥ်ရှိပါသလားဆိုတဲ့ မေးခွန်းနဲ့ မြစ်ရေတင်(၂)နှင့် (၃)စီမံကိန်းကို မည်သည့်အချိန်မှာပြီးစီးဖို့ လျာထားပါသလဲဆိုတာ သိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**စီတုံးလုံးချောင်းအား တမံပိတ်ဆောင်ရွက်ရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးတင်မြင့်(တန့်ဆည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် မေးခွန်းများဖြေကြားရန် ရောက်ရှိနေကြတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ချစ်ကြည်ရင်းနှီး ရပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး နိုင်ငံတော်အကျိုး၊ ပြည်သူများအကျိုးကို ဆထက်ထမ်းပိုးတိုးပြီး ထမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မဲဆန္ဒနယ်မှ  ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဒေသဖွံ့ဖြိုးရေးနဲ့ နိုင်ငံတော်အတွက် အကျိုး

ဖြစ်ထွန်းစေမယ့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်ရဲ့ အနောက်ဘက်ခြမ်း ကံထူးမတိုက်နယ်နှင့် နဘေးတိုက်နယ်အတွင်းရှိ လယ်မြေဧက ၁၀၀၀၀ ကျော်ဟာ စိုက်ပျိုးရေပေးဝေနိုင်ရေးအိုင်းမကျေးရွာအနီး စီတုံးလုံးချောင်းဟာ ရေလှောင်တမံ တည်ဆောက်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် အထူးစီမံကိန်းကြီးသစ်တစ်ခု အဖြစ် ပါဝင်ခဲ့ကြောင်းသိရှိရပါတယ်။ သို့သော် ယနေ့တိုင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မရှိသေးပါ ခင်ဗျား။ ဒါကြောင့် ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ စီတုံးလုံးတမံကို တည်ဆောက်ပေးမည့် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အကောင်အထည်ဖော် ဆောင်ရွက် ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဦးမြင့်လှိုင် (ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ပဏာမဦးစွာ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသို မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင် မေးမြန်းထားတဲ့ ဒေါင်းမြူးတမံတည်ဆောက်ရေး အစီအစဉ်ရှိ၊ မရှိ သိလိုပါတယ်။ တည်ဆောက်ရန် အစီအစဉ်ရှိပါက မည်သည့်အချိန်၊ မည်သည့် ကာလမှာ စတင်တည်ဆောက်မည်ဆိုတာကိုသိလိုပါတယ်ဟု မေးမြန်းထားချက်နှင့်ပတ်သက်၍ ဖြေကြား သွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ယခုကဲ့သို့ နယ်မြေလူထု၏လိုအပ်ချက်အပေါ် မေးမြန်းခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်အား ဖြေကြားခွင့်ရရှိခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိ ပါကြောင်းပြောကြားလိုပါတယ်။ ဒေါင်းမြူးရေလှောင်တမံဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ ဆည်ဦးကျေးရွာအနီး တည်ရှိပါတယ်။ စိုက်ပျိုးရေးအတွက်သာမက ဝန်းသိုမြို့နှင့် ကောလင်းမြို့ ရေကြီးမှုမှ ကာကွယ်နိုင်ရန် ရည်ရွယ်ပြီး အထူးစီမံကိန်းများအကောင်အထည်ဖော်ရေး အဖွဲ့၏ ၁/၂၀၀၈ အစည်းအဝေးမှ တည်ဆောက် အကောင်အထည်ဖော်ရန် သတ်မှတ်အတည်ပြုခဲ့ပြီး ဖြစ်သော စီမံကိန်းလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ဒေါင်းမြူးချောင်းအပေါ်မှာ အမြင့် ၁၃၅ ပေရှိ

မြေသားတမံတည်ဆောက်ပြီး ရေ ၆၄၆၆ဝ ဧကပေ သိုလှောင်ပြီးတော့မှ သီးထပ်သီးညှပ်အနေဖြင့် လယ်ဧက ၁ဝဝဝဝ ခန့်အား အကျိုးပြုနိုင်မယ့် စီမံကိန်း လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဇလဗေဒ တိုင်းတာခြင်း၊ မြေပြင်တိုင်းတာခြင်း၊ ဘူမိဗေဒစူးစမ်းလေ့လာခြင်း၊ တမံ ၄ ပေ x ၆ပေ နှစ်ပေါက်ပါ ရေထုတ်ပြွန်နှင့် အကျယ် ၁၅ဝ ပေရှိ ရေပိုလွှဲဒီဇိုင်းပုံစံများထုတ်လုပ်ခြင်း လုပ်ငန်းများကို ရေးဆွဲဆောင်ရွက်ပြီး စီမံကိန်းလုပ်ငန်းများ စတင်ရန် အသင့်ရှိနေပြီဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းဦးစားပေး အစီအစဉ်များအရ ရန်ပုံငွေခွဲဝေခွင့်ပြုပေးနိုင်မှုအပေါ်မှာမူတည်ပြီး ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများအား ခွင့်ပြုရန်ပုံငွေအရ ဆက်လက်အကောင်အထည်ဖော်ရန် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန် မေးမြန်းထားတဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများထံသို့ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများထုတ်ချေးရာမှာ မိုးရာသီဘဏ်ချေးငွေအတွက် ပြန်လည်ပေးဆပ်ရမည့် နောက်ဆုံးသတ်မှတ်ရက်ကို မတ်လ ၃၁ ရက်ဟု သတ်မှတ် ညွှန်ကြားထားရှိသော်လည်းပဲ ဘဏ်ချေးငွေစာချုပ်များတွင် တစ်နှစ်အတွင်း ပေးသွင်းရန်ဖြစ်ကြောင်း ဖော်ပြထားရှိပါတယ်။ သို့ရာတွင် မိုးရာသီချေးငွေ အမှန်တကယ် ကောက်ခံရာမှာ မြို့နယ်ဘဏ်ခွဲ အသီးသီးက လွန်ခဲ့သော ၇ နှစ်ခန့်မှစ၍ သတ်မှတ်ရက်ထက် တစ်လကြိုတင်ပြီး ဖေဖော်ဝါရီ ၁၅ ရက် သို့မဟုတ် ၂ဝ ရက်အတွင်း အပြေအကြေ ပေးသွင်းစေခဲ့သဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တောင်သူလယ်သမားများမှာ အခက်အခဲဖြစ်နေရကြောင်း၊ ယခုကဲ့သို့ မိုးရာသီဘဏ်ချေးငွေကို နောက်ဆုံးပေးချေရမည့် သတ်မှတ်ရက်ထက် ၁ လခန့်စော၍ ကောက်ခံပေးသွင်းစေခဲ့သဖြင့် နိုင်ငံတော် ဘဏ်ဘက်မှ ၁ လစာ ဘဏ်တိုးငွေ နစ်နာမှုရှိသလို လယ်သမားများဘက်မှလည်း ငွေရှင်ကြေးရှင်များကို ကြီးမားတဲ့အတိုးငွေပေးလိုက်ရတဲ့အတွက် နိုင်ငံတော်အတွက် ဆောင်ရွက်ပေးနေတဲ့ နိုင်ငံတော်မှ စေတနာနှင့် ဆောင်ရွက်ပေးနေတဲ့ သက်သာသော အတိုးနှုန်းများကို မခံစားရဘဲရှိနေတဲ့အပေါ်မှာ ဘဏ်ချေးငွေများ အပြေအကြေကောက်ခံရမည့်ရက်ကို မတ်လ ၃၁ ရက် သို့မဟုတ် မတ်လ တတိယပတ်ကုန်အထိ စီစဉ်ပေးနိုင်ဖို့အတွက် တင်ပြထားခြင်းနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မိုး၊ ဆောင်း၊ မိုးကြိုရာသီ အလိုက် သီးနှံများကို ငွေထုတ်ချေးရာမှာ ချေးငွေပြန်လည်ကောက်ခံချိန် သတ်မှတ်ခြင်းကို သီးနှံများ မပေါ်ခင်

ကောက်ခံပါကလည်း ငွေချေးခဲ့သူတောင်သူများအတွက် ပြန်လည်ပေးဆပ်ရန် အခက်အခဲကြုံတွေ့နိုင်သလို သီးနှံများရောင်းချပြီးချိန်မှ တောင်သူများလက်ဝယ်ပြန်ဆပ်ရန် ငွေမရှိတော့တဲ့အချိန်တွင် ကောက်ခံပါကလည်း ချေးငွေများ အပြည့်အဝပြန်လည်ရရှိရန် ဘဏ်လုပ်ငန်းအနေဖြင့် အခက်အခဲတွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် သီးနှံများငွေပေါ်ချိန် လယ်သမားများ လက်ဝယ်မှာငွေဝင်ချိန်ဖြစ်သည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်းမှာ ချေးငွေများကို စတင်ကောက်ခံရန်နှင့် မတ်လကုန်မတိုင်မီ အပြီးသတ်ကောက်ခံရန် ဆောင်ရွက်ထားရှိရခြင်း ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ တောင်သူများစုဆောင်းငွေအပါအဝင် လှည့်ပတ်သုံးစွဲနိုင်တဲ့ ငွေစုစုပေါင်းမှာ ကျပ်သန်း ၆၅၀၀၀ ခန့်သာ ရှိတဲ့အတွက် လိုအပ်သည့်ငွေ ကျပ်သန်းပေါင်း ၁၆၀၀၀၀ ခန့်ကို နှစ်စဉ်မြန်မာ့စီးပွားရေးဘဏ်မှ တင်ပြထုတ်ယူပြီးတော့မှ ထုတ်ချေးပေးနေရခြင်း ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်မှချေးယူထားတဲ့ ချေးငွေများကို ချေးယူထားတဲ့ ဘဏ္ဍာရေးနှစ်အတွင်းမှာပဲ ပြေကြေအောင်ပေးဆပ်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ယူဆောင်ရွက်ရသည့်စနစ်ကို ကျင့်သုံးရခြင်းဖြစ်ပါတယ်။ သို့မှသာလျှင်လာမည့် နောက်တစ်နှစ် ဘဏ္ဍာရေးနှစ်အတွက် ထုတ်ချေးရန် ချေးငွေလျာထားခြင်း၊ မိမိဘဏ်ရဲ့ တိုးပွားလာမည့် ငွေအရင်းအမြစ်များပေါ် တွက်ချက်ခြင်းနှင့် လိုအပ်ငွေချေးယူရရှိရေးအတွက် မြန်မာ့စီးပွားရေးဘဏ်သို့ ကြိုတင်တွက်ချက် တင်ပြတောင်းခံရခြင်း ကိစ္စရပ်များကို အချိန်ကိုက်ဆောင်ရွက်နိုင်ရန်၊ စီစဉ်ရန်အချိန်လိုအပ်မှု ရှိပါတယ်။ ဖေဖော်ဝါရီလအတွင်း ပြည်ထောင်စုချုပ်ပြေကြေရေး ကောက်ခံရန်လိုအပ်ချက်အရ ဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။ ယခုကဲ့သို့ ဘဏ္ဍာရေးနှစ်အတွင်း ချေးငွေများကို ဘဏ္ဍာရေးနှစ်ကုန်အမီ တစ်ပြည်လုံး အတိုင်းအတာအနေဖြင့် ဖေဖော်ဝါရီလအတွင်း ကောက်ခံနိုင်မှသာလျှင် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်သတ်မှတ်ချက်များနှင့်အညီ မတ်လကုန်မှာ စာရင်းချုပ်နိုင်ပြီး စာရင်းရှင်းလင်းမှုများလည်း ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။ အကယ်၍ မတ်လကုန်အထိ စောင့်ဆိုင်းနေမည်ဖြစ်ပါက စာရင်းရှင်းလင်းရာမှာ ဘဏ္ဍာရေးနှစ်ကျော်လွန်သွားမည်ဖြစ်ပြီး လာမည့်ဘဏ္ဍာရေးနှစ်အတွက် ငွေကြေးဆိုင်ရာ စာရင်းဇယားများရေးဆွဲရာတွင် ရှုပ်ထွေးမှုများနှင့် အခက်အခဲများ ကြုံတွေ့ရမည် ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် သီးနှံစိုက်ပျိုးချိန်၊ သီးနှံထွက်ရှိချိန်ခြင်းများနှင့် ဒေသအလိုက် မတူညီခြင်းအပေါ် ဘဏ်လုပ်ငန်းမှ အသင့်လျော်ဆုံး စီမံတွက်ချက်ဆောင်ရွက်နေရသလို အခြားတစ်ဖက်မှလည်းပဲ နိုင်ငံတော်၏ ဘဏ္ဍာငွေများဆုံးရှုံးမှု၊ အလွဲသုံးစားမှုများ မဖြစ်ရေးကိုလည်း မျက်ခြေမပြတ် ကြီးကြပ်ဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် မတ်လ ၃၁ ရက်နေ့အထိ စောင့်ဆိုင်း

ကောက်ခံပေးရန် မေးမြန်းထား ခြင်းအပေါ်မှာ ဘဏ္ဍာအနေဖြင့် ယခင် ဖေဖော်ဝါရီလ ၁၅ ရက်နေ့အစား ယခုဖေဖော်ဝါရီလ လကုန်ကာလအထိ တောင်သူလယ်သမားများရဲ့ လိုအပ်ချက်အကျိုးကို ရှေးရှု ပြီးတော့မှ ကာလတိုးမြှင့်ခွင့်ပြုပြီး စီစဥ်ကောက်ခံပေးသွားပါမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ရဲ့ မေးမြန်းထားချက်ဖြစ်တဲ့ အရာတော်မြစ်ရေတင်စီမံကိန်းများနဲ့ ပတ်သက်ပြီး အရာတော် မြစ်ရေတင်စီမံကိန်း(၁)ကို တည်ဆောက်ဖို့ အစီအစဥ်ရှိပါသလား။ တည်ဆောက်မည်ဆိုလျှင်လုပ်ငန်းကို ဘယ်တော့စတင်ဆောင်ရွက်နိုင်မည်လဲ။ အရာတော်မြစ်ရေတင် စီမံကိန်း(၂)နှင့်(၃) လျှပ်စစ်သွယ်တန်းရေး၊ တပ်ဆင်ရေးလုပ်ငန်းကို ဘယ်တော့စတင်လုပ်ဆောင်ပါမည်လဲ။ စီမံကိန်းကို မည်သည့်ကာလမှာပြီးစီးဖို့ လျာထားပါသနည်းဆိုသည့် သိရှိလိုသည့် မေးမြန်းချက်အပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်၊ ဧပြီလမှာ အရာတော်မြို့နယ်အတွင်း စိုက်ပျိုးရေရရှိရေးအတွက် မူးမြစ်မှ ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန် အရာတော်မြို့နယ်၊ ဘောင်းကျကျေးရွာအနီးမှာ အရာတော်(၁)စီမံကိန်း၊ မကျီးစောက် ကျေးရွာအနီးမှာ အရာတော်(၂) စီမံကိန်းနှင့် သလဲဘာကျေးရွာအနီးမှာ အရာတော်(၃) စီမံကိန်းများ သတ်မှတ်ပြီး ကနဦးကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့မှုရှိပါတယ်။ ကွင်းဆင်းလေ့လာ တွေ့ရှိချက်များအရ မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ရန် ရေရရှိမှု၊ သေချာမှု၊ မြစ်ကမ်းပါးခိုင်မာမှုနှင့် ဒေသ၏ စိုက်ပျိုးမြေအသွင်အပြင်များအား ပညာရှင်များမှ လေ့လာသုံးသပ်စီမံဆောင်ရွက်ခဲ့ပြီး အဆိုပါ စီမံကိန်း (၃)ခုအနက် အဖြစ်နိုင်ဆုံး အခြေအနေပေးသည့် မကျီးစောက်ကျေးရွာအနီးရှိ အရာတော်(၂) မြစ်ရေတင်စီမံကိန်းအား စိုက်ပျိုးမြေ ဧက ၂၀၀၀၀ ပေးဝေရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ သလဲဘာကျေးရွာအနီးမှာရှိတဲ့ အရာတော်(၃)စီမံကိန်းကို စိုက်ပျိုးမြေဧက ၄၀၀၀၀ခန့် အကျိုးပြုနိုင်ရန် လျာထားပြီး အသေးစိတ်ကွင်းဆင်း တိုင်းတာခြင်းများ ဆောင်ရွက်နိုင်ခဲ့မှုရှိပါတယ်။ ဒီဇိုင်းနှင့် ခန့်မှန်းခြေများရေးဆွဲပြီးတော့ နိုင်ငံတော်အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ထံ တင်ပြခဲ့ပြီး နိုင်ငံတော်အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအစည်းအဝေးအမှတ်စဥ် (၁/၂၀၀၃)မှ အတည်ပြုပေးခဲ့မှုရှိပါတယ်။ အရာတော်(၂)စီမံကိန်းကို ၂၀၀၂ ခုနှစ်၊ ဇူလိုင်လတွင်လည်းကောင်း၊ အရာတော်(၃)စီမံကိန်းအား ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလအတွင်းမှာလည်းကောင်း စတင်ဆောင်ရွက်ခဲ့ ခြင်းဖြစ်ပါတယ်။ ဘောင်းကျကျေးရွာ အနီး အရာတော်(၁)စီမံကိန်းမှာ မူလကပင်လျှင် နိုင်ငံတော်၏ ဦးစားပေးအဆင့်သတ်မှတ်ထားရှိ နိုင်ခဲ့ခြင်းမရှိဘဲ နိုင်ငံတော်ရန်ပုံငွေနှင့် လျှပ်စစ်ဓာတ်အား ခွဲဝေရရှိမှု

လုပ်ငန်းဦးစားပေး အစီအစဉ်တွေမှာလည်း ပါရှိခဲ့ခြင်းမရှိတဲ့အတွက်ကြောင့် ယနေ့အထိ နိုင်ငံတော် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့သို့ တင်ပြတောင်းခံထားခြင်း မရှိသေးပါကြောင်း မှတ်တမ်းများအရ တွေ့ရှိရချက်အပေါ်မှာ ဖြေကြားအပ်ပါတယ်။ အရာတော်မြစ်ရေတင်စီမံကိန်း(၂)နှင့် (၃)လျှပ်စစ် သွယ်တန်းတပ်ဆင်ရေးနှင့်ပတ်သက်ပြီး ဆက်လက်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ အရာတော်(၂) စီမံကိန်းကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ ၂၀ အမ်ဗွီအေ ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားကို စစ်ကိုင်းမြို့ ကံတလူကျေးရွာအနီး အုန်းတော ဓာတ်အားခွဲရုံနေရာတွင် ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀အမ်ဗွီအေ ခွဲရုံ(၁)ရုံ တည်ဆောက်ပြီး အရာတော်(၂)၊အရာတော်(၃)၊ ဆင်တပ်၊ ပျော့ရွာနှင့် တပ်ရွာစီမံကိန်းများသို့ ဓာတ်အားရယူသုံးစွဲရန် စီမံ ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါတယ်။အုန်းတောပင်မခွဲရုံ ၂၃၀/၆၆/၁၁ ကေဗွီအေ၊ ၁၀၀ အမ်ဗွီအေခွဲရုံ ကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၀ -၂၀၁၁ ခုနှစ်တွင် စာချုပ်ချုပ်ဆို ဝယ်ယူခဲ့ပြီး ရန်ပုံငွေအမေရိကန်ဒေါ်လာ ၅.၁ သန်း လျာထားတင်ပြချက်အပေါ်မှာ နိုင်ငံတော်အနေဖြင့် ဦးစားပေး လုပ်ငန်းများရှိနေသည့်အတွက်ကြောင့် အမေရိကန်ဒေါ်လာ ၂.၁၃ သန်းသာ ခွင့်ပြုပေးနိုင်ခဲ့မှုရှိပါတယ်။ သို့ဖြစ်သည့်အတွက်ကြောင့် ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ၂.၉၇ သန်း ထပ်မံလိုအပ်ချက်ကို တင်ပြ တောင်းခံပြီး ခွဲရုံကို တည်ဆောက်ရေးအတွက် ဦးစားပေးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှ လိုအပ်ရန်ပုံငွေခွင့်ပြုပေးနိုင်မှုရှိပါက ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ရာနှုန်းပြည့် ပြီးစီး အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အရာတော်(၃)စီမံကိန်း လျှပ်စစ်သွယ်တန်းခြင်းနှင့် ပတ်သက်၍ ဆက်လက်ရှင်းလင်း တင်ပြသွားပါတယ်။ အရာတော်(၃)စီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ ၄၅ အမ်ဗွီအေဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားကို စစ်ကိုင်းမြို့ ကံတလူကျေးရွာအနီး အုန်းတောဓာတ်အားခွဲရုံနေရာမှာ ၂၃၀/၆၆/၁၁ ကေဗွီအေ၁၀၀ အမ်ဗွီအေခွဲရုံတစ်ခု တည်ဆောက်ပြီး အရာတော်(၂)၊ အရာတော်(၃)၊ ဆင်တပ်၊ ပျော့ရွာနှင့် တပ်ရွာ စီမံကိန်းများသို့ ရယူသုံးစွဲရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်မှ ရန်ပုံငွေခွင့်ပြုပေးပါက အရာတော်(၂)စီမံကိန်းနှင့် တစ်ဆက်တည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းများအား ရွေးချယ်သတ်မှတ်ပြီး နိုင်ငံခြားငွေအပါအဝင် ရန်ပုံငွေလိုအပ်ချက်များအား ခွင့်ပြုပေးနိုင်မှုအပေါ်မူတည်၍ အကောင်အထည်ဖော်ရသည့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် အားလျော်စွာ

နိုင်ငံတော်၏ဦးစားပေးအဆင့် အစီအစဉ်များအရ အကောင်အထည်ဖော် ဆောင်ရွက်နေရခြင်း ဖြစ်ပါကြောင်း သိရှိနားလည်ပေးနိုင်ပါရန်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် နိုင်ငံနှင့်အဝန်း လိုအပ်ချက်များအပေါ်တွင် နိုင်ငံတော်၏ဦးစားပေး ခွင့်ပြုပေးနိုင်မှု အခြေအနေပေါ်တွင်မူတည်ပြီး စောနိုင်သမျှအစောဆုံး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့် တင်ပြချက်ဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ် အနောက်ဘက်ခြမ်း ကံထူးမ တိုက်နယ်အတွင်းရှိ လယ်ဧက ၁၀၀၀၀ကျော်ကို ဆည်ရေပေးဝေနိုင်ရေးအတွက် စီပဒုံးချောင်း အားတမံပိတ်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်က အထူးစီမံကိန်း များတွင် ပါဝင်ခဲ့သော်လည်း ယနေ့တိုင် စတင်ဆောင်ရွက်လုပ်ကိုင်နိုင်ခြင်းမရှိသေး၍ လက်ရှိ ပြည်ထောင်စုအစိုးရအနေဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်ရှိ၊ မရှိ သိလိုပါတယ်။ ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်လုပ်ကိုင်မည်ဖြစ်ကြောင်း မေးမြန်းချက်အပေါ် ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ယခုကဲ့သို့ နယ်မြေလူထုရဲ့ လိုအပ်ချက်အပေါ်မှာ မေးမြန်း ခဲ့တဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။ စီပဒုံးရေလှောင်တမံစီမံကိန်းဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ အိုင်းမကျေးရွာအနီးတွင် တည်ရှိပါတယ်။ စိုက်ပျိုးရေးအတွက်သာမက ကင်းတပ်လက်ယာမြောင်း ရေကြီးမှုအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက်လည်း အကျိုးရရှိစေနိုင်မည် ဖြစ်ပါတယ်။ အထူးစီမံကိန်း များ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၉) အစည်းအဝေးမှ အတည်ပြုပေးခဲ့ပြီးလည်းဖြစ် ပါတယ်။ စီပဒုံးချောင်းပေါ်မှာ အမြင့် ၇၁ ပေရှိ မြေသားတမံ တည်ဆောက်ပြီးရေ ၄၉၄၇၀ ဧကပေကို သိုလှောင်နိုင်ပြီးတော့မှ လယ်ဧက ၁၀၀၀၀ ကို ရေပေးဝေနိုင်ရန် အကျိုးပြုမယ့် စီမံကိန်းလည်း ဖြစ်ပါတယ်။ စီမံကိန်းလုပ်ငန်းကို စတင်နိုင်ရန်အတွက် ဇလဗေဒ တိုင်းတာခြင်း၊ မြေပြင်တိုင်းတာခြင်းနှင့် ဘူမိဗေဒစူးစမ်းလေ့လာခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ တမံ၊ ရေထုတ်ပြွန်နှင့် ရေပိုလွှဲဒီဇိုင်းပုံစံ ရေးဆွဲဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ နိုင်ငံနှင့်အဝန်း လိုအပ်ချက်များအပေါ်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ကဏ္ဍအလိုက် ဦးစားပေးအစီအစဉ်များအရ ရန်ပုံငွေခွဲဝေခွင့်ပြုပေးနိုင်မှု အပေါ်တွင် တည်မှီပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းကို

အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း သိရှိနားလည် ပေးနိုင်ပါရန် ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အထူးပင်ကျေးဇူးတင် ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်ရဲ့ ဘဏ်ချေးငွေများ ပြန်လည်ကောက်ခံမှုနဲ့စပ်လျဉ်းတဲ့မေးခွန်းကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားသွားတဲ့နေရာမှာ မိမိမှတ်သားလိုက်တာက ဒီငွေများကို မြန်မာ့စီးပွားရေးဘဏ်ကနေ ချေးပြီးတဲ့အခါမှာ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြန်ဆပ်ရမယ်ဆိုတဲ့ဟာ ကြားလိုက်ပါတယ်။ တစ်ဖက်ကတင်ပြတာကလည်း နိုင်ငံတော်အစိုးရအနေနဲ့ ပေးပဲပေး၏ မရဆိုတဲ့အနေအထားမျိုးမဖြစ်အောင် ဒါပြန်လည်သုံးသပ်ပေးနိုင်ဖို့ တင်ပြခြင်းဖြစ်တဲ့အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနရဲ့ ဒီဖြေကြားဆောင်ရွက်မှုကတော့ ဒါလုံလောက်ပါတယ်။ ကောင်းမွန်ပါတယ်။ သို့ရာတွင် ကတိကဝတ်နဲ့ ခုနက ငွေစာရင်းကော်မတီနဲ့ ဒါကိုမှတ်တမ်းထားရှိပြီးတဲ့အခါမှာ ဘဏ်ဘက်က မြန်မာ့စီးပွားရေးဘဏ်ဘက်က ဘယ်လိုနည်းနဲ့များဖြေလျော့လို့ရနိုင်မလဲဆိုတာလေး မေးမြန်းပြီးတဲ့အခါမှာ တောင်သူလယ်သမားများရဲ့လိုအပ်ချက်၊ တောင်သူလယ်သမားများအတွက် အဆင်ပြေမှုကို စဉ်းစားပေးဖို့ မိမိတို့လွှတ်တော်က ဒီလိုပဲဆောင်ရွက်ပေးသင့်ပါတယ်။ ဒါကြောင့်မို့လို့ အခုဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်ကိုလည်း ကျေးဇူးတင်ပါတယ်။ တင်ပြတဲ့ ဦးသောင်းဟန်ရဲ့တင်ပြချက်ကိုလည်း အကျိုးရှိစွာဖြစ်စေဖို့အတွက် မိမိတို့ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**အထက်ချင်းတွင်းဒေသ ကောလိပ်ဖွင့်လှစ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပညာရေး ဆိုင်ရာမေးခွန်းများမေးမြန်းရန် ဖြစ်ပါတယ်။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဟုမ္မလင်းမြို့ဟာ အထက်ချင်းတွင်းဒေသမှာ အချက်အချာကျတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ဒါပေမယ့် လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ဟုမ္မလင်းမြို့နှင့် ခန္တီးမြို့မှာ လေကြောင်း

ခရီးစဉ်ရှိပေမယ့် အများစုကတော့ လေကြောင်းလိုင်းကို အသုံးမပြုနိုင်ကြပါဘူး။ ရေကြောင်းလမ်းကိုပဲ အသုံးပြုသွားလာနေကြရပါတယ်။ ဟုမ္မလင်းမြို့ဟာ လူဦးရေ ၁၈၀၀၀၀ သာရှိပေမယ့် ဧရိယာ အကျယ်အဝန်းဟာ ကယားပြည်နယ်နီးပါးကျယ်ဝန်းပါတယ်။ မြို့နယ်အတွင်းမှာ ရှမ်းတိုင်းရင်းသား အများစုနေထိုင်ပြီး မြို့နယ်ရဲ့စီးပွားရေးဟာလည်းအတော်အသင့်ဖွံ့ဖြိုးပါတယ်။ အထက်ချင်းတွင်းဒေသ တွင် လူဦးရေဟာ တိုင်းရင်းသား၊ နာဂတိုင်းရင်းသားများအပါအဝင် ၄၅၀၀၀၀ ခန့်ရှိပါတယ်။ ဒေသကောလိပ်တစ်ခု ဖွင့်လှစ်ခွင့်ရရှိရေးဟာ ဒေသအတွင်းမှ ဒေသခံနာဂတိုင်းရင်းသားများနဲ့ ရှမ်းတိုင်းရင်းသားတို့ရဲ့ အိမ်မက်တစ်ခုပဲ ဖြစ်ပါတယ်။ နှစ်စဉ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုတဲ့ ကျောင်းသူ၊ ကျောင်းသားများ ၃၅၀၀ခန့် ပျမ်းမျှရှိပါတယ်။ နှစ်စဉ်အောင်မြင်သူ ပျမ်းမျှ ၉၀၀ ခန့် ရှိပါတယ်ခင်ဗျား။ စီးပွားရေး အခက်အခဲ၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် နာဂ တောင်တန်းမှ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ခဲ့ပြီးသူ စုစုပေါင်း ၁၀၀၀ ကျော်အနက်မှ ၃၀ ရာခိုင်နှုန်း ခန့်သာ တက္ကသိုလ်ပညာရေးကို ဆက်လက်သင်ယူနိုင်ပါတယ်။ မြေပြန့်ဒေသမှာတော့ ခန္တီး၊ ဖောင်းပြင်၊ ဟုမ္မလင်းတို့မှာ သင်ယူနိုင်တဲ့ရာခိုင်နှုန်းဟာ ၈၀ ရာခိုင်နှုန်းလောက် တက်ရောက်သင်ယူနိုင်ကြ ပါတယ်။ အထက်ချင်းတွင်းဒေသရဲ့ ဟုမ္မလင်းမြို့မှာ ကောလိပ်တစ်ခု ဖွင့်လှစ်ပေးမယ်ဆိုပါက ဘွဲ့ရပညာတတ်များ ဒေသတွင်းမှာ ယခုထက် ပိုမိုများပြားလာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒေသကောလိပ်တစ်ခုဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်မှ စဉ်းစားပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့ တက်ရောက်ခွင့်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးရွှေမောင်(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထား သောဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်ဖြစ်ပါတယ်။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းကိုမမေးမြန်းခင် ကျွန်တော့်ကို အကျိုးအကြောင်း အနည်းငယ်တင်ပြခွင့်ပြုပါရန် ရိုသေစွာမေတ္တာရပ်ခံအပ်ပါတယ်။ ဘာဖြစ်လို့ လည်းဆိုတော့ ဒီမေးခွန်း

သည် ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှာ တင်သွင်းထားပြီးတော့ ယနေ့အထိ ပြည်သူတွေအတွက် လိုအပ်ချက်တစ်ခုဖြစ်နေတဲ့အတွက် အလေးအနက်ထားပြီးတော့ ကျွန်တော့်အနေနဲ့တင်ပြခြင်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်များတွင် ပြည်သူလူထု ၉၀ ရာခိုင်နှုန်းခန့်သည် ယာယီသက်သေခံလက်မှတ် အဖြူရောင်ကတ်များကို ကိုင်ဆောင်ထားတာဖြစ်ပါတယ်။ အထက်တန်းကျောင်းသားအများစုကလည်း အဆိုပါယာယီ သက်သေခံလက်မှတ် အဖြူရောင်ကတ်တွေကိုပဲကိုင်ဆောင်ထားကြတာ ဖြစ်ပါတယ်။ နိုင်ငံတော်မှ ကျင်းပပြုလုပ်သော အခြေခံပညာအထက်တန်းစာမေးပွဲများတွင် ထူးချွန်တဲ့ကျောင်းသားများက ဂုဏ်ထူးလေးဘာသာ၊ ငါးဘာသာ ၊ ခြောက်ဘာသာရပြီးတော့ ထူးချွန်စွာ အောင်မြင်ခဲ့သော်လည်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ မရရှိသေး၍ ၎င်းတို့ဝါသနာပါသော၊ ဆန္ဒရှိသောအသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်တဲ့ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်စတဲ့တက္ကသိုလ်၊ ကောလိပ်နဲ့ သိပ္ပံများသို့ဝင်ခွင့်ပြုရန် လျှောက်ထားသော်လည်း ဝင်ခွင့်မပြုဘဲ ငြင်းပယ်ခြင်းခံခဲ့ရတာ တွေ့ရပါတယ်။ ကျွန်တော်တို့ အမျိုးသားမှတ်ပုံတင်ကတ်ပြားတွေနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကိုစတင်ပြီး လဲလှယ်ပေးခဲ့တဲ့ ၁၉၉၀ ခုနှစ်ကနေစပြီးတော့မှ ထိုဒေသရှိလူထုက နိုင်ငံသားစိစစ်ရေးကတ်ပြားတွေရရှိအောင် သက်ဆိုင်ရာဌာနများသို့လျှောက်ထားခဲ့သော်လည်း ယနေ့ထိမရရှိကြသဖြင့် ပုဂ္ဂိုလ်ရေးအရလည်းကောင်း၊ နိုင်ငံတော်အတွက်လည်းကောင်း များစွာနစ်နာဆုံးရှုံးရပါတယ်။ ကျွန်တော်တို့ ပါလီမန်ဒီမိုကရေစီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် အေးချမ်းသာယာရေးကောင်စီခေတ်စတဲ့ခေတ်အဆက်ဆက်မှာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များမှာ ပညာသင်ကြားခွင့်တွေရရှိခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥပမာအားဖြင့်တချို့ကို တင်ပြလိုပါတယ်။ ဘူးသီးတောင်မြို့နယ်မှာဆိုရင် မျက်စိ၊ နား၊ နှာခေါင်းနဲ့ လည်ချောင်းအထူးကု ဆေးရုံအုပ်ကြီး ဒေါက်တာဦးဘတင်ဟာ ဘူးသီးတောင်ဒေသခံဖြစ်ပါတယ်။ နောက် ဒေါက်တာ ဗိုလ်ကြီးရာမတ်၊ ဒေါက်တာချစ်ဆွေ၊ ဒေါက်တာဟတ်ရှင်း၊ မောင်တောမြို့နယ်မှ ဒေါက်တာလှမြင့်၊ ဒေါက်တာဇော်မင်း၊ ဒေါက်တာထွန်းအောင်၊ ဒေါက်တာ ဇော်ဟိန်း၊ ဒေါက်တာအီးအက်စ်ကမ်းမား အဲဒီ ဆရာဝန်ကြီးတွေဟာ ဆေးတက္ကသိုလ်၊ ရန်ကုန်က ဘွဲ့ရခဲ့တဲ့ ဆေးပညာရှင်များ ဖြစ်ကြပါတယ်။ အဲဒီအပြင် အခြားအသက်မွေးဝမ်းကျောင်း တက္ကသိုလ်အသီးသီးမှလည်း ဘွဲ့ရသူများဖြစ်ပါတယ်။ ကျွန်တော်ခုနကတင်ပြခဲ့တဲ့ ဒီဆရာဝန်ကြီးတွေဟာ ၁၉၉၀ မတိုင်ခင်ကပဲ အကုန်လုံးပညာသင်ခွင့်တွေရပြီးမှ

ဘွဲ့အသီးသီးရရှိခဲ့တာကို အထူး ကျွန်တော်တင်ပြလိုခြင်း ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ လတ်တလောဖြစ်နေတဲ့ ပြဿနာကတော့ ၁၉၉၀ ကနေစပြီးမှ အမျိုးသားမှတ်ပုံတင်နဲ့ နိုင်ငံသား စိစစ်ရေးကတ်ပြားများကို လဲလှယ်ပေးခဲ့တဲ့လုပ်ငန်းမှာ ဘူးသီးတောင်၊ မောင်တောဒေသမှာ အဲဒါမျိုး သက်ဆိုင်ရာ ကျွန်တော်တို့လဝကဌာနကနေ လဲလှယ်ပေးတဲ့အခါမှာ နှောင့်နှေးကြန့်ကြာတဲ့ အကြောင်း အမျိုးမျိုးကြောင့် ဒီပြဿနာတွေဖြစ်နေတာလို့ ကျွန်တော့်အနေနဲ့ ရိုးသားစွာ တင်ပြလိုပါတယ်။ ကျွန်တော်တို့ ဒီနောက်ဆုံးတစ်ခု ဥပမာတင်ပြရမယ်ဆိုရင် အခု ၂၀၁၁ ခုနှစ်မှာ ဒီအခြေခံ ပညာအထက်တန်းကို သုံးဘာသာဂုဏ်ထူးနဲ့ အောင်မြင်တဲ့ကျောင်းသားတစ်ယောက်ရဲ့ ဆရာ၊ သူ့နာမည်က ဒီအလယ်တန်းပြ ဆရာ ဦးဂျန်ဟိုင်တင် သူ့ရဲ့သားက သုံးဘာသာဂုဏ်ထူးနဲ့အောင်တဲ့ အခါကျတော့ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တက်ဖို့ ဆုံးဖြတ်ထားပါတယ်။ သို့သော် ဒီနိုင်ငံသားစိစစ်ရေးကတ်ပြား အခက်အခဲရှိတာကို သိနေတဲ့အတွက် သူ့အနေနဲ့ ဘူးသီးတောင်မြို့နယ် ကျွန်တော်တို့ လဝကရုံးသို့၊ မြို့နယ်လဝကရုံးသို့သွားရောက်ပြီးမှ သူတင်ပြလျှောက်ထားခဲ့ပါတယ်။ ကျွန်တော့်သားက ဒီနှစ် သုံးဘာသာဂုဏ်ထူးနဲ့ အောင်တယ်။ ကျွန်တော်တို့ အရင်နှစ်တွေက အဲဒါမျိုးအောင်မြင်လို့ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိတဲ့အတွက် တက်ခွင့်မရခဲ့ပါဘူး။ အဲဒါကြောင့် ကျွန်တော့်ရဲ့သားက သူတက်ချင်တဲ့ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ကိုတက်လို့ရအောင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ခွင့်ပေးပါလို့ လျှောက်တဲ့အခါကျတော့ ခါတိုင်းဖြေနေကြပုံစံ အတိုင်းပဲ အပေါ်ကနေ အမိန့်မရှိသေးလို့ မပေးနိုင်သေးကြောင်း ပြန်ဖြေပါတယ်။ ဒါပေမယ့် အဲဒီ ကျောင်းဆရာသည် သူ့ရဲ့ရင်သွေးက သုံးဘာသာဂုဏ်ထူးနဲ့ အောင်မြင်သော်လည်း ကျောင်းတက် ခွင့်မရမှာကို စိုးရိမ်တဲ့အတွက် အဲဒီ လဝကမြို့နယ် ဦးစီးမှူးကို ပြန်လည်တင်ပြပါတယ်။ ဟုတ်ကဲ့ ကျွန်တော်က ဘာတွေလိုအပ်နေလို့လည်း အဲဒီလိုပြန်တင်ပြတဲ့အခါကျတော့ သူ့ကိုပြန်ပြီးတော့ ဖြေကြားပါတယ်။ ဟုတ်ပြီ အဲဒီခင်ဗျားရဲ့သားက နိုင်ငံသားစိစစ်ရေးကတ်ပြားရအောင် ခင်ဗျား မိဘနှစ်ပါးမှာ ရှိဖို့လိုတယ်။ ခင်ဗျား အ.လ.ပြ ဆရာ လို့ပြောနေတယ်၊ ခင်ဗျားနဲ့ခင်ဗျားအမျိုးသမီးမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိပါသလား။ သူဖြေတယ်။ မရှိဘူး။ ဘာလို့လည်းဆိုတော့ ကျွန်တော်တို့ လျှောက်ထားတယ်။ မရသေးဘူး၊ အဲဒါဆိုရင် ခင်ဗျားတို့ အနေနဲ့လျှောက်ထားဖို့ လိုပါတယ်တဲ့။ အဲဒါဆိုရင် ဆရာကြီးရယ်တဲ့ အဖေနဲ့အမေကော လျှောက်ထားတာရှိပါသလား။ သူတို့ကတော့ ၁၉၉၀ နှစ်ကလျှောက်ထားတယ်။ လျှောက်ပြီးတော့ လေး၊ ငါးနှစ် ကြာတဲ့အခါမှာ အဖေကဆုံးသွားပြီ။ အမေကလည်း အခုအသဲအသန်ဖြစ်နေတဲ့အတွက် မကြာခင် ကျန်းမာရေးမကောင်းတဲ့အတွက် သူလည်းဆုံးသွားတယ်။ ဒါပေမယ့် အဲလို ၁၉၉၀ နှစ်ကနေ ကျွန်တော် တင်ပြချင်တာက ၁၉၉၀ နှစ်

ကတည်းက ဒီအမျိုးသားမှတ်ပုံတင်နဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လဲလှယ်ပေးခဲ့တဲ့ နောက်ပိုင်းမှာ အခုနှစ်ပေါင်း ၂၀ ကျော်ကြာမြင့်လာပြီဖြစ်တဲ့အတွက် အဲဒီအခက်အခဲကြောင့် အခု အချိန်မှာဆိုရင် မြေးအထိ၊ အ.လ.ပြဆရာ ဦးဂျန်ဟိုင်းရဲ့ သားသမီးအထိ ကျွန်တော်တို့ ဒီ နိုင်ငံသား စိစစ်ရေးကတ်ပြားကိုမရရှိဘဲ ထူးချွန်စွာအောင်မြင်သော်လည်း ကျောင်းတက်ဖို့အတွက် အသက် မွေးဝမ်းကျောင်း တက္ကသိုလ်ကျောင်းတက်ဖို့အတွက် အခက်အခဲဖြစ်နေတာကို ရိုးသားစွာ တင်ပြခြင်း ဖြစ်ပါတယ်။သို့ဖြစ်ပါ၍ယခုအချိန်ကာလတွင် အခြေခံပညာအထက်တန်းကိုထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ အသက်မွေဝမ်းကျောင်းတက္ကသိုလ်များသို့ အချိန်မီ တက်ရောက် သင်ကြားနိုင်ဖို့အတွက် လိုအပ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ အမြန်ရရှိအောင် နိုင်ငံတော်နဲ့ သက်ဆိုင်ရာဌာနမှ ကူညီပံ့ပိုးစေလို့တဲ့အတွက် ကျွန်တော်မေးခွန်းမေးရခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်တော်မေးမြန်းလိုသောမေးခွန်းမှာ ပထမအကြိမ်ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေးတွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်နဲ့ မောင်တောမြို့နယ်များမှ အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သောကျောင်းသား၊ ကျောင်းသူများသည် အသက် မွေးဝမ်းကျောင်းတက္ကသိုလ်များသို့ တက်ရောက်ရန်အမှတ်မီသော်လည်း တက်ရောက်ခွင့်မရကြသဖြင့် နိုင်ငံတော်မှမည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်ကြောင်းမေးမြန်းခြင်းနဲ့ ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးဒေါက်တာချမ်းငြိမ်းက ထိုသို့ဝင်ခွင့်ရရန် တည်ဆဲနိုင်ငံသား ဥပဒေနဲ့ကိုက်ညီသော နိုင်ငံသား ဖြစ်ပြီး အနိမ့်ဆုံးအမှတ်ကိုပြည့်မီပါက အဆိုပါတက္ကသိုလ်၊ ကောလိပ် နှင့်သိပ္ပံများသို့ ဝင်ခွင့်ပြုကြောင်း ဖြေကြားခဲ့ရာ ထိုကျောင်းသားများ၏ နိုင်ငံသားကတ်ကို နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဌာနများက အချိန်မီရရှိအောင် မည်ကဲ့သို့ ပြုလုပ်ဆောင်ရွက်ပေးနိုင် မည်ကိုသိလိုပါကြောင်း မေးမြန်းပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဒုတိယမေးခွန်းကလည်း ပညာရေးနဲ့ပတ်သက် နေတဲ့အတွက် ကျွန်တော်ကိုဆက်လက်ပြီးမေးခွင့်ပြုပါ။ ကျွန်တော်ရဲ့ ဒုတိယမေးခွန်းနဲ့ ပတ်သက် ပြီးတော့လည်း ကျွန်တော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာလည်း တင်ပြ ပေးဘူးပါတယ်။ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များမှာ အခြေခံပညာ ကျောင်းများတွင် မြို့နယ်ပြင်ပမှ ဆရာ၊ ဆရာမများအများစုကို ခန့်ထားပြီးတော့ ပညာသင်ကြား လျက်ရှိရာ ခရီးသွားလာရေး အခက်အခဲ၊ စားသောက်၊ နေထိုင်ရေး အခက်အခဲ၊ ဘာသာစကား အခက်အခဲများကြောင့် ပညာသင်ကြားရေးတွင် အခက်အခဲများစွာနဲ့ ကြုံတွေ့နေရပါတယ်။ ထို့ကြောင့် ဒေသခံဆရာ၊ ဆရာမများ ခန့်ထားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက မည်ကဲ့သို့ ကူညီဆောင်ရွက် ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ရာ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက

ဆရာ၊ ဆရာမများ ခန့်ထားနိုင်ရေးအတွက် သတ်မှတ်အရည်အချင်းများနဲ့ ကိုက်ညီသော ဒေသခံ များကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အချိုးကျရွေးချယ်ခေါ်ယူပြီး ဆရာအတတ် ပညာသင်တန်းများ တက်ရောက်စေလျက် သင်တန်းအောင်မြင်ပြီးဆုံးပါက ယင်းတို့၏ ဒေသခံ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဦးစားပေးခန့်ထားခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြား ခဲ့သော်လည်း ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များ၏ ဇာတိနွယ်ဖွား ဒေသခံ ဘာသာစကားနဲ့ ဓလေ့ထုံးစံကို နားလည်သော ဒေသခံဆရာ၊ ဆရာမများရရှိအောင် မည်ကဲ့သို့ ဆောင်ရွက် လျက်ရှိသည်ကို သိလိုတဲ့အတွက် ကျွန်တော်အခုလို မေးခွန်းမေးရတာ ဖြစ်ပါတယ်။

**ဒေသခံ ဆရာ၊ ဆရာမများ ခန့်ထားနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၅၁။**

**ဦးရွှေမောင်(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ကျွန်တော်မေးမြန်းလိုတဲ့ ဒုတိယမေးခွန်းက တော့ ပထမအကြိမ်ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်နဲ့ မောင်တောမြို့နယ်များမှ အခြေခံ ပညာကျောင်းများတွင် ဒေသခံဆရာ၊ ဆရာမများခန့်ထားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်းမေးမြန်းခဲ့ရာ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဒေသခံဆရာ၊ ဆရာမများဦးစားပေးခန့်ထားခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားခဲ့သော်လည်း ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်များ၏ ဒေသခံဘာသာစကားနဲ့ ဓလေ့ထုံးစံကို နားလည်သော ဇာတိနွယ်ဖွားဒေသခံဆရာ၊ ဆရာမများရရှိအောင် မည်ကဲ့သို့ ဆောင်ရွက်လျက်ရှိသည်ကို သိလိုပါ ကြောင်းမေးမြန်းအပ်ပါတယ်။

**မောင်တောခရိုင်၏ ပညာရည်မြင့်မားရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၅၃။**

**ဦးရွှေမောင်(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့ တတိယမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်တစ်ခုလုံးမှာ မောင်တောခရိုင်ဟာ ၂၀၁၀-၂၀၁၁ခုနှစ်၊ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်အနည်းဆုံးအဆင့်ကို ရောက်ရှိ တာကို ကျွန်တော့်အနေနဲ့ ဝမ်းနည်းစွာတွေ့ရှိရတာ တင်ပြလိုပါတယ်။ ဘာဖြစ်လို့ ဒီလိုဖြစ်ရတယ် ဆိုတာကို ထိုသို့ဖြစ်ရခြင်းရဲ့ အဓိကအကြောင်းအရင်းမှာ မောင်တောခရိုင်မှာရှိနေတဲ့ ဘူးသီးတောင်၊ မောင်တော နှစ်မြို့နယ်ရဲ့ လူဦးရေအားလုံး၏ ၉၀ ရာခိုင်နှုန်းသော ဒေသခံ မြန်မာ-မွတ်ဆလင် မဲဆန္ဒရှင်များ၏ သားသမီးများသည် တက္ကသိုလ်ဝင်တန်းကို ရမှတ်ကောင်းများဖြင့် အောင်မြင်ခဲ့

သော်လည်း ကျွန်တော် ပထမမေးခွန်းမှာတင်ပြခဲ့သလို အသက်မွေးဝမ်းကျောင်းတက္ကသိုလ်သို့ တက်ရောက်ရန် မျှော်လင့်ချက်မရှိခြင်း၊ သွားရေးလာရေးခက်ခဲခြင်း၊ ဒေသခံဆရာ၊ ဆရာမများအလွန် နည်းပါးနေခြင်းကြောင့်ဖြစ်ပါတယ်။ ထို့ကြောင့် မောင်တောခရိုင်၏ ပညာရေးအဆင့်အတန်း နိမ့်ကျမှု သည်နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် လည်းကောင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားကို လည်းကောင်း များစွာ အဟန့်အတားပြုနေသည်ကို နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ပေးနိုင်မည် ဟူသောကိစ္စနဲ့ပတ်သက်၍ ကျွန်တော့်အနေနဲ့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်တော် မေးမြန်းလိုတဲ့ တတိယမေးခွန်း ကတော့ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၏ ပညာရေးနိမ့်ကျနေမှုသည် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးနဲ့ လူနေမှုဘဝမြင့်မားရေးကို များစွာဟန့်တားနေပါသဖြင့် နိုင်ငံတော်အစိုးရမှ မည်သို့ ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၅။**

**ဒေါက်တာမြအေး(ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဦးစွာပထမ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဖြစ်ပါတယ်။ ယခု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး၏ မေးခွန်းများကို ကျွန်တော့်အနေနဲ့ ဖြေကြားပါမယ်ခင်ဗျား။ ပထမမေးခွန်းက တော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး၏ မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ဖြေကြားရမယ်ဆိုရင် စစ်ကိုင်းတိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ က မိမိတို့ သင်ယူလိုသောအထူးပြုဘာသာရပ်များကို သက်ဆိုင်ရာမြို့နယ်အလိုက် ရွှေဘိုတက္ကသိုလ်၊ ကလေးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်တို့တွင်သင်ယူလျက်ရှိကြပါတယ်။ ဟုမ္မလင်း၊ လဟယ်၊ လေရှီး၊ ခန္တီး၊ ဖောင်းပြင်မြို့နယ်များမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများသည် မုံရွာတက္ကသိုလ်သို့သွား ရောက်၍ တက္ကသိုလ်ပညာရပ်များကိုဆည်းပူးရန် သတ်မှတ်ထားပါတယ်။ ထိုသို့ တက္ကသိုလ်၊ ကောလိပ်များ သတ်မှတ်ပေးရာတွင် သွားလာမှုအဆင်ပြေနိုင်ဆုံး၊ ကုန်ကျစရိတ်အနည်းဆုံးဖြစ်စေမှုကို အခြေခံ၍ မိမိဒေသနှင့် အသင့်တော်ဆုံးတွင် ပညာသင်ယူခွင့်ရရှိစေရန်စီစဉ်ထားခြင်းဖြစ်ပါတယ်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် မုံရွာတက္ကသိုလ်၌ ဟုမ္မလင်း၊ လဟယ်၊ လေရှီး၊ ခန္တီး၊ ဖောင်းပြင်မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူဦးရေ ၅၅၁ ဦး၊ ပညာဆည်းပူးရန်စီစဉ်ထားခြင်း ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံတကာကျင့်သုံးလျက်ရှိသော University Of Distance Education ကို တည်ထောင်ကာ နိုင်ငံတစ်နိုင်ငံလုံးတွင် မည်သည့်အရပ်၌နေထိုင်သည်ဖြစ်စေ တက္ကသိုလ်ပညာသင်ကြားနိုင်ရန် အခွင့်အလမ်းဖွင့်၍ စီးပွားရေးပညာအပါအဝင် ဝိဇ္ဇာ၊သိပ္ပံပညာရပ်များအားလုံးကို သင်ကြားပေးလျက်ရှိပါတယ်။ သို့ပါ၍ လောလောဆယ်တွင် ဟုမ္မလင်း၌ ကောလိပ်တည်ထောင်ခွင့် ဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ရှင်လင်းတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်၏ မေးခွန်းဖြစ်ပါတယ်။ ၎င်းမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ဖြေရမယ်ဆိုရင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်များမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် မိမိကြိုက်နှစ်သက်ရာ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများသို့ တက်ရောက်သင်ယူနိုင်ကြပါသည်။ အဆိုပါ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများတက်ရောက်ရန် သတ်မှတ်ထားသောတက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ရမှတ်ပြည့်မီရန်လိုအပ်ပြီး ပညာရေးဝန်ကြီးဌာနအနေနဲ့ တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့၏ လက်ရှိဥပဒေ၊ စည်းမျဉ်း ၊ စည်းကမ်းများနဲ့လည်း ညီညွတ်ရန်လိုအပ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်၏ ဒုတိယမေးခွန်းကို ကျွန်တော့်အနေနဲ့ ဖြေကြားပါ့မယ်ခင်ဗျား။ ဘူးသီးတောင်မြို့နယ်နဲ့ မောင်တောမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ခန့်ထားသော ဆရာ၊ ဆရာမအများစုမှာ ဒေသခံများဖြစ်ပါတယ်။ အခြားဒေသမှလာရောက်တာဝန်ထမ်းဆောင်သူ အနည်းငယ်သာရှိပါကြောင်း၊ ဇနီး၊ ခင်ပွန်း မိဘများ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရာသို့ ယာယီလာရောက် တာဝန်ထမ်းဆောင်နေကြခြင်းသာဖြစ်ပါသည်။ တာဝန်ပြီးဆုံးသည့်အခါ မိမိဒေသသို့ ပြန်ကြရမည့်သူများ ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ ခုအတွင်း ဒေသခံ ဆရာ၊ ဆရာမများသည် မိမိတို့တာဝန်ကျရာမြို့နယ်များသို့ ရာထူးအလိုက် သွားရောက်တာဝန်ထမ်းဆောင် နေကြခြင်း၊ မိမိတို့မွေးရပ်ဒေသတွင် တာဝန်ထမ်းဆောင်ရသကဲ့သို့ အခြားမြို့နယ်များသို့ သွားရောက်တာဝန် ထမ်းဆောင်ရခြင်းသာဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်းသာ မိမိရာထူးတာဝန် နေရာအလျောက် သွားရောက်တာဝန်ထမ်းဆောင်နေကြရပါသည်။ ထိုနည်းတူ ဘူးသီးတောင်၊ မောင်တော၌ မွေးဖွားသူများလည်း အခြားဒေသတွင် ရာထူးတိုး၍ သွားရောက်တာဝန်ထမ်းဆောင်နေကြသူများ ရှိသကဲ့သို့ အခြားဒေသမှ

ဘူးသီးတောင်၊ မောင်တောသို့ လာရောက်တာဝန်ထမ်းဆောင်ကြသူများလည်း ရှိပါသည်။ ပညာရေးဝန်ကြီးဌာန၏ သင်တန်းသားရွေးချယ်ရေး၊ ဝန်ထမ်းခန့်ထားရေးမူအရ ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်များမှ ဒေသခံများကိုသာ ရွေးချယ်ခန့်ထားရန် မဖြစ်နိုင်ပါ။ ရခိုင်ပြည်နယ်တစ်ခုလုံးမှ မိမိတို့ရာထူးနေရာအလိုက် တာဝန်အရသွားရောက် ထမ်းဆောင်ကြရပါသည်။ အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း တာဝန်အရ မိမိတိုင်းဒေသကြီး မဟုတ်သော်လည်း အဆင်ပြေသောနည်းဖြင့် လုပ်ငန်းကဏ္ဍအလိုက် အဆင်ပြေအောင် သွားရောက်တာဝန်ထမ်းဆောင်နေကြရပါသည်။ ဒေသခံဆရာ၊ ဆရာမများခန့်ထားရေးနဲ့ ပတ်သက်၍ ယခင်က ပညာရေးဌာနတွင် ဆရာ၊ ဆရာမအဖြစ်တာဝန်ထမ်းဆောင်လိုသူများ၏ ဆန္ဒပြုလျှောက်လွှာအရ ခန့်ထားခဲ့ပါသည်။ ယခုအခါ ပညာရေးကောလိပ်ဆင်းများကိုသာ ရွေးချယ်ခန့်ထားပါသည်။ ပညာရေးကောလိပ်သင်တန်းတက်ခွင့်ရွေးချယ်ရာတွင် ခရိုင်အလိုက် အချိုးကျခွဲဝေစနစ်ဖြင့် ကျား၊ မ အချိုး၊ ဘာသာရပ်အချိုးအရ ရွေးချယ်၍သင်တန်းတက်ရောက်စေပြီး သင်တန်းဆင်းများကို နေရာလစ်လပ်မှုအပေါ် မူတည်ပြီး မိမိဒေသသို့ပြန်လည်၍ ဦးစားပေးခန့်ထားပါသည်။ သင်တန်းသားရွေးချယ်ရာတွင် သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်း၊စည်းကမ်းများနဲ့ညီညွတ်ပါကမည်သူမဆို စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ရှိပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်၏ တတိယမေးခွန်းကို ကျွန်တော့်အနေနဲ့ ဖြေကြားပါမယ်။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းသည် ပုံမှန်ရှိနေခြင်းမျိုး မဟုတ်ဘဲ အတက်အကျ၊ အနည်းအများ ကွာဟမှုရှိနေမည် ဖြစ်ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းသည် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူလေ့လာ ကြိုးစားအားထုတ်မှုအပေါ်တွင် မူတည်ပါသည်။ နှစ်အလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းမှာ ၂၀၀၉ ခုနှစ်တွင် ဘူးသီးတောင်မြို့နယ်မှ ၁၉.၉၅ ရာခိုင်နှုန်း၊ မောင်တောမြို့နယ်မှ ၁၇.၂၇ ရာခိုင်နှုန်း၊ ၂၀၁၀ ခုနှစ်တွင် ဘူးသီးတောင်မြို့နယ်မှ ၂၂.၈၇ ရာခိုင်နှုန်းနဲ့ မောင်တောမြို့နယ်မှ ၁၈.၈၅ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် ဘူးသီးတောင်မြို့နယ်မှ ၂၀.၄၁ ရာခိုင်နှုန်းနဲ့ မောင်တောမြို့နယ်မှ ၁၇.၀၅ ရာခိုင်နှုန်း အောင်မြင်ခဲ့ပါတယ်။ မောင်တောမြို့နယ်တွင် အ.ထ.က ငါးကျောင်း၊ အ.ထ.ကခွဲ သုံးကျောင်း၊ အ.လ.ကကျောင်း ရှစ်ကျောင်း၊ အ.လ.ကခွဲ တစ်ကျောင်း၊ တွဲဖက်အ.လ.က တစ်ကျောင်း၊ မူလွန် ၁၆ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၂၅ ကျောင်းကိုလည်း၊ ဘူးသီးတောင်မြို့နယ်တွင် အ.ထ.က

သုံးကျောင်း၊ အ.ထ.ကခွဲ တစ်ကျောင်း၊ တွဲဖက် အ.ထ.က နှစ်ကျောင်း၊ အ.လ.က သုံးကျောင်း၊ အ.လ.ကခွဲ သုံးကျောင်း၊ မူလွန်ကျောင်း ၂၀ နှင့် အ.မ.က ၁၂၂ ကျောင်းတို့ကိုလည်း ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ မောင်တောခရိုင်တွင် အခြေခံပညာကျောင်းများ လုံလောက်စွာ ဖွင့်လှစ်ထားပြီး ဆရာ၊ ဆရာမများ ပြည့်စုံစွာခန့်ထားပြီးဖြစ်၍ ပညာရေးနိမ့်ကျမှုမရှိပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို နာရီဝက်ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

[ အစည်းအဝေးကို ၃၀ မိနစ်ခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်များ အစည်းအဝေး ဆောင်ရွက်ကျင်းပတဲ့အချိန်မှာ မနေ့ကဆိုရင် CCTV သတင်းအဖွဲ့က လာရောက် သတင်းယူပါတယ်။ ဒီနေ့ဆိုလို့ရှိရင် FUJI အဖွဲ့က လာရောက်သတင်းယူပါတယ်။ ကျွန်တော် အစည်းအဝေးအစမှာ တင်ပြခဲ့သလိုပဲ ကျွန်တော်တို့အနေနဲ့ ပြည်သူများရဲ့ ဝေဖန်အကြံပြုမှု၊ ထိုနည်းတူစွာပဲ နိုင်ငံတကာနဲ့ သတင်းမီဒီယာများ ဝေဖန်အကြံပြုမှုတွေ လက်ခံနိုင်တယ်ဆိုတဲ့ အနေအထားလည်း တင်ပြခဲ့ပါတယ်။ ကျွန်တော်တို့ လွှတ်တော်အစည်းအဝေးမှာ အားလုံး ကိုယ်စားလှယ်များ သိတဲ့အတိုင်းပဲ လွှတ်တော်ဆောင်ရွက်တဲ့နေရာမှာလည်း ဒီမိုကရေစီကျင့်စဥ်၊ ဒီမိုကရေစီနည်းလမ်းနဲ့ စနစ်တကျဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မည်သူလာရောက် လေ့လာ၊ လေ့လာ ကျွန်တော်တို့ဘက်ကတော့ အမြဲတမ်းကြိုဆိုပါတယ်။ ထို့နည်းတူစွာပဲ ကျွန်တော်တို့ လွှတ်တော်ရဲ့ အစည်းအဝေးများမှာလည်း ဒီမိုကရေစီနည်းလမ်းများ၊ ဒီမိုကရေစီကျင့်စဥ်များနဲ့ အညီဆောင်ရွက်တဲ့နေရာမှာလည်း စနစ်တကျစည်းကမ်းရှိရှိ ဆက်လက်ဆောင်ရွက်သွားဖို့လိုပါတယ်။ ဒီနေ့ထိလည်း ကျွန်တော်တို့ လွှတ်တော်ရဲ့ဆောင်ရွက်ချက်များဟာ ဒီမိုကရေစီနည်းလမ်းများ

ဆောင်ရွက်သလို တစ်ဖက်ကလည်း စည်းကမ်းတကျစနစ်ရှိရှိ ဆောင်ရွက်တဲ့အတွက် ကျွန်တော့် အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ကျေးဇူးတင်ကြောင်းလည်း ပြောလိုပါတယ်။

**မောင်တောဒေသခံပြည်သူများကို မှတ်ပုံတင်ထုတ်ပေးမည့်အချိန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ မေးခွန်းများကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။ ဦးအောင်ဇော်ဝင်း၊ မောင်တောမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဦးအောင်ဇော်ဝင်း(မောင်တောမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ အထူးဧည့်သည်တော် များကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မောင်တော မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမယ့် အချက်အလက်များသည် ဥပဒေအချက်များပါဝင်နေ၍ ဖတ်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်ရှိ ဒေသခံ ပြည်ထောင်စုဖွား မြန်မာ-မွတ်စလင် မဲဆန္ဒရှင်များသည် ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂)အရ၊ ဥပဒေအရ နိုင်ငံသား Statutory Citizen ဖြစ်ပြီး ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၆ အရ ဤဥပဒေအတည်ပြုသည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားဖြစ်သည့်အတွက် ထိုမြန်မာ-မွတ်စလင်နိုင်ငံသားမဲဆန္ဒရှင်များသည် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသား ရွေးချယ်ရေး ဥပဒေပုဒ်မ ၃ နှင့်၁၉၄၈ ခု၊ ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်မှုအက်ဥပဒေပုဒ်မ ၆ (၁) နှင့် ၆(၂ )အရ Union Citizen Card (UCC) လက်မှတ်ကို လျှောက်ယူရန် တာဝန်မရှိချေ။ ၁၉၄၈ ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေပုဒ်မ ၄ (၂)တွင်အကျုံးဝင်သူများဖြစ်ပြီး Statutory Citizen ဥပဒေအရ နိုင်ငံသားဖြစ်ကြောင်းကို အောက်ပါ အမှုများတွင် တရားရုံးချုပ်မှ သုံးသပ်ဆုံးဖြတ်ခဲ့ပါတယ် -

(၁) မြေယာမိုဟာမက်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၅ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး တရားရုံးချုပ် စာမျက်နှာ ၅၁ မှာ ပါရှိပါတယ်၊

(၂) ဟာဆန်အာလီနှင့် မြေယာအာလီတို့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဝန်ကြီးဌာနအတွင်းဝန်ပါ-၂ အမှု၊ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး တရားလွှတ်တော်ချုပ်စာမျက်နှာ ၁၈၇ ၊

(၃) ဆာရက်အလန်ခေါ်ဦးဆာရက်ခါအာမတ်ပါ ၂၃ (၂) အတွင်းဝန်၊ လူဝင်မှုကြီးကြပ်ရေး ဌာနပါနှင့် ၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးတရားလွှတ်တော်ချုပ် စာမျက်နှာ ၂၁၅၊

(၄) ဗိုလ်လိုပါဟာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး တရားရုံးချုပ်၊

(၅) စွာမေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးတရားရုံးချုပ် စာမျက်နှာ ၁၂၈ တရားရုံးချုပ်မှသုံးသပ်ဆုံးဖြတ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၄၈ ခု၊ ပြည်ထောင်စုမြန်မာနိုင်ငံသားရွေးချယ်ရေးဥပဒေနှင့် ၁၉၄၈ ခု၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေများကို ၁၉၈၂ ခု၊ မြန်မာနိုင်ငံသားဥပဒေအရ ရုပ်သိမ်းပြီးဖြစ်သော်လည်း မြန်မာနိုင်ငံသားဥပဒေပြဋ္ဌာန်းခဲ့သော ၁၉၈၂ ခု၊ အောက်တိုဘာ ၁၅ ရက် ဥပဒေအတည်ပြုပြဋ္ဌာန်းခဲ့သောနေ့မတိုင်မီကပင် ၁၉၄၈ ခု၊ ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်မှုအက်ဥပဒေ ၄(၂)အရ လည်းကောင်း၊ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လည်းကောင်း၊ မောင်တောခရိုင်ရှိ ပြည်ထောင်စုဖွားဒေသခံ မြန်မာ-မွတ်စလင်များသည် ဥပဒေအရ နိုင်ငံသားများဖြစ်၍ ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည့်အတွက် မြန်မာနိုင်ငံအစိုးရအဆင့်ဆင့် လက်ထက်တွင် ဆန္ဒမဲပေးပိုင်ခွင့်၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရရှိကြသူများ ဖြစ်ပါသည်။ အထောက်အထား အဖြစ် တင်ပြရလျှင် -

(၁) ၁၉၄၈ ခုနှစ်မှစ၍ ၁၉၆၂ ခုနှစ်အထိ ပါလီမန်ခေတ်တွင် ပါလီမန်အမတ်များ၊ ဝန်ကြီး၊ အတွင်းဝန်များ၊ အဆင့်မြင့်အစိုးရအရာထမ်း၊ အမှုထမ်းများ၊

(၂) မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ပြည်သူ့ကောင်စီဝင်များ၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်တရားသူကြီးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကောင်စီဝင်များ၊ မြို့နယ်လုပ်ငန်းစစ်ဆေးရေး အစိုးရအရာထမ်း၊ အမှုထမ်းများပါဝင်ခဲ့ပါတယ်။

(၃) ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ခဲ့ပါတယ်။

(၄) ၂၀၁၀ ခုနှစ်၊ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက် တင်မြှောက်ခံခဲ့ရပါတယ်။

နိုင်ငံတော်မှ ပေးအပ်သည့်တာဝန်များကိုလည်း သစ္စာရှိရှိဆောင်ရွက်သည်မှာ ယနေ့အထိဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ဆိုင်ရာဥပဒေ အခန်း ၄ အပိုဒ် ၉ အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီတည်ဆဲဥပဒေများကို ကာကွယ်စောင့်ရှောက်တဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်းတို့မှာ ကျွန်တော်တို့၏ တာဝန်ဖြစ်သည့်အတိုင်း ဥပဒေအရနိုင်ငံသားများက နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိမှသာ လွတ်လပ်စွာ ခရီးသွားလာခွင့်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်၊ ပြည်ထောင်စု၏ အခြားဒေသရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ချစ်ခင်ရင်းနှီးစွာနွေးထွေးပြီးစစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်များ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်များ ပေါ်ပေါက်ပြီး၊ ယဉ်ကျေးမှုများ ဖလှယ်နိုင်အောင် စိတ်ဓာတ်မွေးထုတ်နိုင်ခြင်း၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်ချိန်တွင် နိုင်ငံတော်၏ သာယာဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ ပြည်သူလူထုရဲ့အကျိုးစီးပွားအတွက်လည်းကောင်း မရှိမဖြစ်လိုအပ်ချက်တစ်ခုအဖြစ် တွေ့မြင်နေပါ၍ မေးမြန်းရခြင်း ဖြစ်ပါသည်။ ကျွန်တော် မေးမြန်းလိုသည့်မေးခွန်းမှာ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်ရှိ ဒေသခံပြည်ထောင်စုဖွား မြန်မာ-မွတ်စလင်မဲဆန္ဒရှင်များသည် ဘိုးဘွားအစဉ်အဆက်မှစ၍ မိမိတို့၏ပင်ရင်းတိုင်းပြည်အဖြစ် မျိုးဆက်မပြတ် ထာဝစဉ်အခြေစိုက်နေထိုင်လာရခြင်းကြောင့် ၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ်၊ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေများ အရလည်းကောင်း၊ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေပုဒ်မ ၄(၂) နှင့် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ ၆ အရလည်းကောင်း နိုင်ငံသားအရည်အချင်းပြည့်မီသူ ပြည်ထောင်စုဖွား မွေးရာပါဥပဒေအရ နိုင်ငံသားများဖြစ်ကြပါသည်။ ထိုမွေးရာပါ ပြည်ထောင်စုဖွား မြန်မာနိုင်ငံသား မဲဆန္ဒရှင်များအား နိုင်ငံတော်အစိုးရမှ မည်သည့်အခါ ယာယီနိုင်ငံသား သက်သေခံကတ်ပြား(အဖြူရောင်ကတ်)များနှင့်နိုင်ငံသားစစ်ဆေးရေးကတ်ပြား(ပန်းရောင်ကတ်)များဖြင့် လဲလှယ်ထုတ်ပေးမည်ကို သိလိုပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရန်ကုန်မြို့သို့ ခရီးသွားလာရာတွင် ငွေကြေးပေးဆောင်ရသည့်ကိစ္စနှင့် လဝကပုံစံ(၄)နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးရွှေမောင်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဦးရွှေမောင်(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော

ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ရဲ့ မေးခွန်းကို မမေးမြန်းခင် ကျွန်တော် အကျိုးအကြောင်းဖော်ပြချက်ကို အနည်းငယ်ရှင်းပြလိုပါတယ်။ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၊ မောင်တောဒေသတွင် ဘူးသီးတောင်-မောင်တောဒေသတွင်း ၉၀ ရာခိုင်နှုန်းခန့်သော ပြည်ထောင်စုဖွားဒေသခံ မဲဆန္ဒရှင်များဟာ များသောအားဖြင့် ဆင်းရဲနွမ်းပါးတဲ့ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ အဲဒီဒေသခံ ပြည်သူများဟာ မိမိတို့၏ ရွာမှနောက်တစ်ရွာသို့ အကြောင်းတစ်ခုခုနဲ့ သွားဖို့အတွက် ထွက်ခွာမယ်ဆိုလျှင်ပင် အဲဒီရွာထွက်လက်မှတ်ဆိုတဲ့ဟာကို ယူရပါတယ်၊ အဲဒီရွာထွက် လက်မှတ် ရရှိဖို့အတွက်ကိုလည်း တရားမဝင်ငွေတွေပေးနေရပါတယ်။ တစ်ခါ အဲဒီလဝကရဲ့ ပုံစံ(၄)ခေါ် ယာယီခရီးသွားလာခွင့် လက်မှတ်ရရှိဖို့အတွက်လည်း ကျွန်တော်တို့ တရားမဝင်ငွေ ၂၀၀၀ ခန့် ပေးရပါတယ်။ ဒီနေရာမှာ ကြုံကြိုက်တုန်း ကျွန်တော် လဝကပုံစံ(၄)ခေါ် ယာယီ ခရီးသွားလာ ခွင့်လက်မှတ်နဲ့ ပတ်သက်ပြီးတော့ အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားသားအက် ဥပဒေပုဒ်မ ၁၀ အရ နိုင်ငံခြားသားတွေဟာ တစ်မြို့နယ်မှတစ်မြို့နယ်၊ တစ်ရွာမှတစ်ရွာသို့ အဲဒီလို ခရီးသွားမယ်ဆိုရင် ရက်အကန့်အသတ်နဲ့ သတ်မှတ်ထားတဲ့ ခရီးသွားလာခွင့်ပုံစံကို လဝကရဲ့ နည်းဥပဒေအရပုံစံ(၄)လို့ ခေါ်ပါတယ်။ အဲဒီပုံစံ (၄)ဆိုတာ လဝကရဲ့ဖောင်အများကြီးထဲမှာ ပုံစံ (၄)၊ ပုံစံ (၆)၊ ပုံစံ (၁၀) အဲဒီထဲကမှ ပုံစံတစ်ခု ပုံစံရဲ့ နာမည်ပါ။ အဲဒီပုံစံကို ခေါင်းစဉ်တပ်ထားတာကတော့ ၁၉၉၅ ခုနှစ်က ရန်ကုန်မြို့ကနေ ကျွန်တော်ရဲ့ဇာတိဖြစ်တဲ့ ဘူးသီးတောင်မြို့သို့သွားပြီးတော့ အပြန် ခရီးမှာ ကျွန်တော်လည်း ဒီကိစ္စနဲ့ ကြုံခဲ့ရတဲ့အတွက် ကျွန်တော့်ရဲ့အတွေ့အကြုံကို ရှင်းပြရင်းနဲ့ လဝကပုံစံ(၄)နဲ့ ယာယီခရီးသွားလာခွင့် လက်မှတ် ဘယ်လိုကွာခြားမှု ရှိသလဲဆိုတာကို တင်ပြရခြင်း ဖြစ်ပါတယ်။ အဲဒီလဝကရဲ့ပုံစံ(၄)ရဲ့ ခေါင်းစီးမှာပါတာက နိုင်ငံခြားသားများခရီးသွားလာခွင့် လက်မှတ်ဆိုပြီးတော့ ပါပါတယ်။ ပြီးတော့ ညာဘက်ထောင့်မှာ ပုံစံ (၄) ဆိုပြီးတော့ပါပါတယ်။ ၁၉၉၅ နှစ်ဆန်းပိုင်း ကျွန်တော်ရဲ့ဇာတိမြို့ ခုနကတင်ပြသလို ဘူးသီးတောင်မြို့ကိုသွားပြီးတော့ ကျွန်တော် ပြန်လာတဲ့အခါမှာ ခါတိုင်းပုံစံလိုပဲ ကျွန်တော် လေယာဉ်လက်မှတ်ကို ဝယ်ပြီးတော့ စစ်တွေလေဆိပ်ကို သွားခဲ့ပါတယ်။ ဒါကျွန်တော် ကိုယ်တိုင်အတွေ့အကြုံပါ။ သွားတဲ့အခါမှာ ကျွန်တော်ကို သက်ဆိုင်ရာ လဝက က ပြောပါတယ်။ ဦးရွှေမောင်က အစ္စလာမ်ဘာသာဝင် ဟုတ်ပါသလားတဲ့။ ဟုတ်ပါတယ် ဗျားလို့။ အဲဒါဆိုရင် ခင်ဗျားတို့က ခရီးသွားလာခြင်းကို ကန့်သတ်ထားခြင်းခံရတယ်။ အဲဒါဆိုရင်

ကျွန်တော် ဘာလုပ်ရမလဲလို့ ပြန်ပြီးတော့ မေးမြန်းတဲ့အခါမှာ သက်ဆိုင်ရာ လဝက အရာရှိက ပြည်နယ်လဝက ဦးစီးမှူးရဲ့ခွင့်ပြုချက်နဲ့ ခရီးသွားလာခွင့်လိုပါတယ်လို့ ပြောတဲ့အခါကျတော့ ဟုတ်ပြီ။ အဲဒါဆိုရင်လည်း ကျွန်တော် ဒါလိုအပ်ချက်ဖြစ်နေတော့ နိုင်ငံတော်အစိုးရဌာနဆိုင်ရာရဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကိုလည်း နိုင်ငံသားတစ်ဦးအနေနဲ့ လိုက်နာရမယ်ဆိုတော့ အဲဒီ ပြည်နယ်လဝကရုံးကို သွားခဲ့ပါတယ်။ သွားတဲ့အခါမှာ ကျွန်တော်ကို ထုတ်ပေးတဲ့ပုံစံက အဲဒီပုံစံ (၄)ဆိုပြီးတော့ ခေါင်းစဉ် တပ်ပြီးတော့ နိုင်ငံခြားသားများ ခရီးသွားလာခွင့်လက်မှတ်လို့ အဲလိုရှိတဲ့အခါမှာ ကျွန်တော် အတော်လည်း စိတ်မလျှော့နိုင်ဖြစ်ပြီးတော့ အဲ့ဒီမှာပြည်နယ်လဝက ဦးစီးမှူးနဲ့ အဲဒီတုန်းက ဗိုလ်ကြီး တစ်ယောက်ပါ။ ကျွန်တော် နာမည်မေ့သွားလို့ မတင်ပြနိုင်တော့ဘူး။ အဲဒီတုန်းက ၁၉၉၅ တုန်းက ပြည်နယ်ဦးစီးမှူးကြီး။ ကျွန်တော်နိုင်ငံခြားသားမဟုတ်ဘူး။ ကျွန်တော်အဖေလည်း တိုင်းပြည်တာဝန် ထမ်းဆောင်ခဲ့တဲ့စခန်းမှူးတစ်ယောက်ပါ။ကျွန်တော်တို့ရဲ့မိသားစုမှာလည်း အကုန်လုံး နိုင်ငံသားတွေ ဖြစ်တယ်။ကျွန်တော်ကိုယ်တိုင်လည်း အခြားနိုင်ငံသားများနည်းတူ အမျိုးသားမှတ်ပုံတင်ကတ်ပြား ကိုလည်း ကိုင်ထားတယ်။ နိုင်ငံသားကိုလည်း ကျွန်တော် လျှောက်ထားသေးတယ်။ သို့သော် ကျွန်တော် ယနေ့ထိ မရသေးတာပဲရှိတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးရုံနဲ့ နိုင်ငံသားမဟုတ်ဘူးလို့ အဲဒီလို ယူဆလို့မရဘူးလို့ ကျွန်တော်ထင်မြင်ပါတယ်။ ဒါပေမယ့် အခု ကျွန်တော်ကိုပေးနေတဲ့ ဒီပုံစံသည် နိုင်ငံခြားသားများသာ သုံးတဲ့အတွက် ကျွန်တော့်အနေနဲ့ မဆိုင်တဲ့အတွက် ဒီဟာလေးကို ကူညီဖြေရှင်းပေးပါ။ ကျွန်တော်ဒီဟာကို မယူလိုပါဘူး။ အဲဒီလို တင်ပြတဲ့အခါကျတော့ ဒါက အားလုံး အတွက် သတ်မှတ်ထားတဲ့ပုံစံတဲ့ ကျွန်တော့်ရဲ့ တင်ပြခြင်းကို သူကလုပ်တဲ့အနေနဲ့ သူကဒီဟာကို အဲဒီတုန်းက ဒီပြည်နယ်မှာ တာဝန်ရှိတဲ့ လူကြီးတွေကို တင်ပြပြီးတော့ လုပ်ပေးပါမယ်တဲ့။ ခုကြတော့ လောလောဆယ် ကျွန်တော်ကို နိုင်ငံခြားသားဆိုတဲ့စကားလုံးကို ဖျက်ပြီးတော့ အဲဒီမှာ ယာယီဆိုပြီးမှ သူလက်နဲ့ရေးပေးခဲ့ပါတယ်။ အဲဒီကစပြီးတော့မှ ယာယီခရီးသွားလာခွင့်လက်မှတ်ဆိုပြီးတော့ ဖြစ်သွား ပါတယ်။ အဲဒီနောက်ပိုင်း ကျွန်တော် ခရီးသွားလာတာတွေကို လေ့လာကြည့်တဲ့အခါမှာ ပုံစံ(၄)မှပါတဲ့ အချက်အလက်များ အပြင်နောက်ထပ် အချက်အလက်နှစ်ခုကို ထပ်တိုးတာတွေ့ပြီးတော့ ပုံစံ(၄)ဆိုတဲ့ ဖောင်နာမည်လေး ကိုမတပ်ဘဲနဲ့ ယာယီခရီးသွားလာခွင့်လက်မှတ်ဆိုပြီးတော့ ခေါင်းစဉ်တပ်ပါတယ်။ ကျွန်တော် ယူဆတာ ကတော့ ၁၉၉၅ ခုနှစ်မှာ ကျွန်တော် အဲဒီလို တင်ပြခဲ့တဲ့အတွက် သုံးသပ်ပြီးမှ ပြည်နယ်လဝက က လုပ်သွားပုံရတယ်လို့ ကျွန်တော် ယူဆပါတယ်။ အဲဒီမှာ တကယ်တမ်း ကျွန်တော် လေ့လာကြည့်တဲ့ အခါကျတော့ အဲဒီယာယီခရီးသွားလာခွင့်လက်မှတ်သည် လဝကရဲ့ နိုင်ငံခြားသား တွေအတွက် သုံးတဲ့နိုင်ငံခြားသား အက်ဥပဒေပုဒ်မ ၁၀ အရ သုံးတဲ့ပုံစံ(၄)ထက်ကို ပိုမိုတင်းကျပ်ထား

တာကိုလည်း ကျွန်တော် တွေ့ရပါတယ်။ အဲဒါဘာပါသလဲဆိုတော့ အပိုအနေနဲ့ ဒီ လူနှစ်ယောက်က ထောက်ခံ ပေးရမယ်၊ အဲဒီထောက်ခံတဲ့ပေးတဲ့သူသည် အကြောင်းတစ်ခုခုနဲ့ ဒီပုံစံ(၄)နဲ့ရက် အကန့်အသတ်ရက် ၃၀၊ ရက် ၄၅ ရက်အတွင်းမှာ အဲဒီကာယကံရှင် ပြန်မလာလို့ရှိရင် အာမခံထားတဲ့ လူနှစ်ယောက်က ဥပဒေအရ အရေးယူခြင်းခံမည်ဆိုတဲ့ဟာနဲ့ အဲဒီမှာ ဂရမ်တာ သို့မဟုတ် စပွန်ဆာ နှစ်ယောက်၊ အဲဒါသည် နဂိုလဝကရဲ့ပုံစံ (၄) မှာမပါဘဲနဲ့ ယာယီခရီးသွားလာခွင့် လက်မှတ်လို့ သုံးတဲ့ အဲဒီအထဲမှာ ပါဝင်နေတာကို လေ့လာတွေ့ရှိ ရပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဒီတစ်ရွာဝင် တစ်ရွာထွက် အဲလိုသွားရတယ်။ ကျွန်တော်တို့ ဘူးသီးတောင်နဲ့ မောင်တော၊ မောင်တောနဲ့ ဘူးသီးတောင်ကြားထဲမှာ နယ်စပ်ဒေသစစ်ဆေးရေးနဲ့ လူဝင်မှုကြီးကြပ်ရေး ကွပ်ကဲမှုဌာနချုပ်ရဲ့ ကြားစခန်း၊ အတိုကောက်ဖြင့် ပြောရရင် နစကကြားစခန်းလို့ ခေါ်ပါတယ်။ အဲဒီ နစကကြားစခန်းမှာ ဘူးသီးတောင်မြို့ကနေ မောင်တောမြို့ကို ခရီးသွားမယ်ဆိုရင် အဲဒီကြားစခန်းမှာ တရားမဝင်ငွေ ၃၀၀၀ ကျပ်ပေးရပါတယ်။ အဲဒါက နေ့ချင်းပြန်ခရီး၊ အကယ်၍ နေ့ချင်းမပြန်နိုင်ဘူး။ လူမှုရေး၊ စီးပွားရေးအဲဒီလိုတစ်ခုခုနဲ့ တစ်ရက်၊နှစ်ရက်၊သုံးရက်အဲလိုကြာမယ်ဆိုရင် တစ်ရက်ပိုကြာတိုင်း ၁၀၀၀ ကျပ်စီလည်း ကျွန်တော်တို့အပြန်ခရီးလာတဲ့အခါမှာ အပိုဆောင်းပေး ရတာကိုလည်းကျွန်တော်တို့ သိရှိရပါတယ်။ တဖန်ဘူးသီးတောင်၊ မောင်တောဒေသမှ စစ်တွေမြို့ကို ရောက်တဲ့အခါလည်း အဲဒီဟာသည် မြို့နယ် ကျော်ဖြစ်သွားတဲ့အတွက် ကျွန်တော်အသေးစိတ်ကိုတော့ မတင်ပြလိုဘဲ ကျွန်တော့်မှာ အသေးစိတ် ပြုစုထားတဲ့ စာရင်းဇယား ရှိပါတယ်။ စုစုပေါင်း ကျွန်တော်တို့ တင်ပြလို့ရှိရင် ငွေသုံးသောင်းလောက် ကုန်ပါတယ်။ ကျွန်တော်တို့ ဒီသဘော်ခက ၁၀၀၀၊ ၅၀၀၊ ၆၀၀ လောက် ရှိတဲ့အခြေအနေမှာ ဘူးသီးတောင်-မောင်တောမြို့ကနေ စစ်တွေမြို့ကို ရခိုင်ပြည်နယ်အတွင်း ခရီးသွားလာတာတောင်မှ ဒီတရားမဝင်ငွေ ၃၀၀၀၀ ပေးရတဲ့အတွက် သာမန် ဆင်းရဲနွမ်းပါးတဲ့ လူတွေအတွက် အင်မတန် နစ်နာဆုံးရှုံးရပါတယ်။ ပြီးတော့ စစ်တွေကနေ ရန်ကုန်ရောက်တဲ့အခါလည်း စစ်တွေမှာလိုအပ်တဲ့ ခုန Formality တွေ အဲဒီခွင့်ပြုချက် ကျွန်တော်တို့ ပြည်နယ်လဝကရဲ့ ပုံစံတွေနဲ့ အခြားလိုအပ်တဲ့ စာရွက်စာတမ်း အားလုံးအတွက်လည်း တရားမဝင်ပေးရငွေကျပ်က ၄၀၀၀၀ ခန့် ကျွန်တော်တို့ ပေးရပါတယ်။ တော်တော်များပြားတဲ့ ငွေကြေးပါ။ တော်ရုံတန်ရုံဆင်းရဲတဲ့ လူတွေအနေနဲ့ ကျန်းမာရေး ကိစ္စတွေနဲ့ ရန်ကုန်မြို့သို့ လာရောက်မယ်ဆိုရင်လည်း တော်တော်လေးကို အခက်အခဲ ဖြစ်မှာပါ။ ခုနက ကျွန်တော်တင်ပြတဲ့ကိစ္စတွေသည် နိုင်ငံတော်မှ ဆင်းရဲမွဲတေမှု ပပျောက်ရေးဟူသော မူဝါဒ၊ အခြားမူဝါဒများနှင့် ဆန့်ကျင်ပြီးတော့ ပြည်ထောင်စုဖွားဒေသခံ မဲဆန္ဒရှင်များမှာများစွာထိခိုက် နစ်နာလျက်ရှိတဲ့အတွက် အဲဒီပြည်သူများရဲ့ အခက်အခဲကို နိုင်ငံတော်အစိုးရမှ ဘယ်လိုကူညီ

ဆောင်ရွက်ဖြေရှင်းပေးရန်လိုအပ်တဲ့အတွက် ကျွန်တော့်ရဲ့ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောဒေသမှ ၉၀ ရာခိုင်နှုန်းခန့်သော ပြည်ထောင်စုဖွားဒေသခံ မဲဆန္ဒရှင်များသည် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများအတွက် မိမိတို့ဒေသမှ ရန်ကုန်မြို့သို့ခရီးသွားလိုလျှင် ဘူးသီးတောင်၊ မောင်တော ဒေသမှ စစ်တွေမြို့သို့ရောက်အောင် တရားမဝင်ပေးရငွေ ကျပ် ၃၀၀၀၀၀ခန့် ကုန်ကျပြီး၊ စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ရောက်အောင် တရားမဝင်ပေးရငွေကျပ် ၄၀၀၀၀၀ ကုန်ကျခံနေရပါသဖြင့် ထိုကိစ္စကို ပပျောက်အောင် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ ဆောင်ရွက် ပေးနိုင်မည်ကို သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျွန်တော်နောက်ဆုံး တင်ပြလိုတဲ့ မေးခွန်းကလည်း ဒီဟာနဲ့ဆက်စပ်နေတဲ့ အတွက် ဆက်လက် မေးခွင့်ပြုပါ။ အခု ကျွန်တော်နောက်ဆုံး တင်ပြမယ့်မေးခွန်းနဲ့ ပတ်သက်ပြီး အကျိုးအကြောင်း အနည်းငယ်ကို တင်ပြရရင် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၏ အမိန့်အမှတ် ၁/၂၀၁၁ အရ ခရီးသွားလာခွင့်ပုံစံ၄ ရယူပြီးမှသာ ခရီးသွားလာကြရန်ဆိုသည့် အဲဒီ အချက်မှာ ကျွန်တော် စောစောက တင်ပြသလို နိုင်ငံခြားသားအက်ဥပဒေ ပုဒ်မ၁၀ အရ နိုင်ငံခြားသားများ တစ်မြို့နယ်မှ တစ်မြို့နယ်သို့ အခွင့်အရာရှိ၏ လက်မှတ်ခွင့်ပြုချက်ဖြင့် ခရီးသွားလာရမည်ဟူသော နိုင်ငံခြားသားများနှင့်သက်ဆိုင်သော ဥပဒေဖြစ်ပြီး နိုင်ငံသားများနှင့် သက်ဆိုင်ခြင်းမရှိသည်မှာ ထင်ရှားပါသဖြင့် ယခုအခါ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်နေချိန်တွင် နိုင်ငံတော်၏ သာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ ပြည်သူလူထု၏အကျိုးစီးပွားအတွက် လည်းကောင်း အဟန့်အတားတစ်ခု ဖြစ်နေတယ် လို့ ကျွန်တော့်အနေနဲ့ ရှုမြင်သုံးသပ်အပ်ပါတယ်။

ထို့ကြောင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ၂၀-၆-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၃/၂၁ -၁၀ဦး၁ (၈၃၄)အရမောင်တောခရိုင်အတွင်းရှိ ဘင်္ဂါလီလူမျိုးများ ခရီးသွားလာရာတွင် မြို့နယ်ကျော်၊ ပြည်နယ်ကျော်၊ တိုင်းကျော်သွားလာမှုကို ခရီးသွားလာခွင့်ပုံစံ(၄)ရယူပြီးမှ သွားလာကြရန်နှင့် ထိုပုံစံ(၄)မယူဘဲ သွားလာခြင်းပြုလုပ်ပါက ပြစ်မှုဆိုင်ရာဥပဒေ ၁၈၈ အရ ပြင်းထန်စွာအရေးယူခံရမည်ဖြစ်ကြောင်း မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူးက ၂၂-၇-၂၀၁၁ ရက်စွဲဖြင့် အမိန့်အမှတ်၊၁/၂၀၁၁ ကို ထုတ်ပြန်ထားပါတယ်။ မောင်တောခရိုင်အတွင်းရှိ ပြည်ထောင်စုဖွားဒေသခံ မြန်မာ-မွတ်ဆလင်မဲဆန္ဒရှင်များသည် ရှေးမြန်မာ ဘုရင်အဆက်ဆက်က ၁၈၂၃ မတိုင်မီ ရှေးပဝေသဏီ ကာလမှစ၍နေထိုင်ပြီးမိမိ၏ ပင်ရင်းနိုင်ငံအဖြစ် စွဲကိုင်ဘိုးဘွားအစဉ်အဆက်နေထိုင်သူ မြန်မာနိုင်ငံသားများအပေါ် နိုင်ငံခြားသားများအတွက်သာ

ပြဋ္ဌာန်းထားသော ဥပဒေကြောင်းအရ လဝက ပုံစံ-၄ဖြင့် အရေးယူအမိန့်ထုတ်ထားကြောင်းကို အစိုးရအနေဖြင့် သိရှိပါသလား။ သိရှိပါလျှင် မည်သည့်အတွက်ကြောင့် ဤအမိန့်ထုတ်ထားပါသနည်း။ အကယ်၍ မသိရှိပါလျှင် မည်ကဲ့သို့ အရေးယူပါမည်နည်း။ သိရှိလိုပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ပါ တယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၄၉။**

**ဦးခင်ရီ(ပြည်ထောင်စုဝန်ကြီး၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးသုံးဦးမေးမြန်းချက်များဟာ အကျိုးအကြောင်း ဆက်စပ်မှုရှိတဲ့အတွက်ကြောင့် ဒီသုံးခုလုံးကို ကျွန်တော်တစ်ဆက်တစ်စပ်တည်းဖြေကြားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ရခိုင်ပြည်နယ်၊ မောင်တောမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ကိရ်အာမက်(ခ) ဦးအောင်ဇော်ဝင်းရဲ့မေးမြန်းချက်ကို ကျွန်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးခင်ရီက ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းရှင်ရဲ့မေးမြန်းချက်မှာ အချက်နှစ်ချက်ပါဝင်တာ တွေ့ရပါတယ်။ ပထမအချက်အနေနဲ့ ရခိုင်ပြည်နယ်၊မောင်တောခရိုင်မှာရှိတဲ့ မြန်မာ-မွတ်ဆလင်များဟာ မေးခွန်းပါဥပဒေများကိုးကားချက်အရ မွေးရာပါဥပဒေအရ နိုင်ငံသား (Statutory Citizen)ဖြစ်တယ်ဆိုတဲ့ကိစ္စ၊ ဒုတိယအချက်အနေနဲ့သူတို့ကို ထုတ်ပေးထားတဲ့ ယာယီသက်သေခံကတ်ပြား White Card တွေကို နိုင်ငံသားစိစစ်ရေးကတ်ပြားတွေနဲ့ ဘယ်တော့လဲပေးမလဲဆိုတဲ့မေးခွန်းနှစ်ခု ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မေးခွန်းများကိုမဖြေဆိုမီ ပထမဦးစွာ မေးခွန်းရှင်သုံးနှုန်းသွားတဲ့ ဒေသခံ မြန်မာ-မွတ်စလင်ဆိုတဲ့အသုံးအနှုန်းဟာ အဲဒီဒေသမှာနေထိုင်တဲ့ ဘင်္ဂါလီလူမျိုးများကို ရည်ညွှန်းပြောဆိုခြင်းဖြစ်လိမ့်မယ်လို့ယူဆပါကြောင်း ကနဦးပြောကြားလိုပါတယ်။ မေးခွန်းရဲ့ပထမအချက်မှာပါတဲ့ မေးမြန်းသူရည်ညွှန်းဖော်ပြခဲ့တဲ့ ၁၉၄၇ ခုနှစ်၊ ၁၉၇၄ခုနှစ်၊ ၂၀၀၈ခုနှစ်၊ဖွဲ့စည်းပုံအခြေခံဥပဒေစတာတွေဟာ မည်သည့်ပုဒ်မကို ရည်ညွှန်းတယ်လို့ အတိအကျပါရှိခြင်းမရှိသော်လည်းပဲ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁(က)(ခ)(ဂ)၊ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၅ (က)(ခ)နဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၅(က)(ခ)တို့မှာပါတဲ့ နိုင်ငံသားဖြစ်မှု၊ နိုင်ငံသားများရဲ့ မူလ

အခွင့်အရေးများနဲ့ တာဝန်ဝတ္တရားစတာတွေကို ရည်ညွှန်းထားတာဖြစ်လိမ့်မယ်လို့ ယူဆပါကြောင်း လည်းပြောကြားလိုပါတယ်။ တစ်ခါမေးခွန်းရှင်ကတိကျစွာ ရည်ညွှန်းဖော်ပြခဲ့တဲ့ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေပုဒ်မ ၄-၂ ရဲ့အလိုအရ ပြည်ထောင်စုမှာ ပါဝင်သော နယ်မြေတစ်ခုခုတွင် အနည်းဆုံး ဘိုးဘွားအားလုံး လက်ထက်မှစ၍မိမိတို့၏ ပင်ရင်းတိုင်းပြည်အဖြစ် ဖြင့် မျိုးဆက်မပြတ် ထာဝစဉ်အခြေစိုက် နေထိုင်လာခဲ့တဲ့အပြင် မိမိကိုယ်တိုင် ထိုနယ်မြေတစ်ခုခုမှာ မွေးဖွားသူဖြစ်လျှင် ထိုသူအား မြန်မာနိုင်ငံသားဖြစ်သည်ဟု မှတ်ယူရမည်ဟု ဖော်ပြထားရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော် ဖော်ပြခဲ့တဲ့ဥပဒေများကို ရည်ညွှန်းရာမှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေနဲ့ တကယ်လို့ နိုင်ငံခြားလူမျိုးစစ်စစ်ဖြစ်နေမယ်။ ဒါမှမဟုတ်သွေးနှောဖြစ်နေမယ်ဆိုရင် နိုင်ငံသားအဖြစ် ခိုင်မာစွာ အတည်ပြုပေးနိုင်ဖို့အတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ကျန်ရှိနေဦးမှာဖြစ်ပါတယ်။ ဥပမာတည်ဆဲဥပဒေအရ လူတစ်ဦးတစ်ယောက်ဟာ နိုင်ငံနှစ်ခုရဲ့နိုင်ငံသားအဖြစ် တစ်ပြိုင်တည်း ခံယူခွင့်မရှိတဲ့အတွက် မြန်မာနိုင်ငံသားအဖြစ်ကိုသာခံယူမည်ဆိုရင် အဲဒီ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အနေနဲ့အခြားနိုင်ငံသားဖြစ်နေမှုကို တရားဝင်စွန့်လွှတ်ပေးရမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ နိုင်ငံဥပဒေ အရ အဲဒီ နိုင်ငံရဲ့နိုင်ငံသားဖြစ်မနေဖို့လည်း လိုအပ်ပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ မူရင်းလူမျိုးနဲ့ ဆိုင်တဲ့သက်ဆိုင်ရာ နိုင်ငံခြားသံရုံးမှာ အဲဒီနိုင်ငံရဲ့ နိုင်ငံသားအဖြစ် မှတ်ပုံတင်ထားခြင်း မရှိကြောင်းနဲ့ အဲဒီနိုင်ငံရဲ့နိုင်ငံကူးလက်မှတ်ကို ထုတ်ယူထားခြင်းမရှိကြောင်းစတဲ့ အထောက်အထားများကို တင်ပြ ရဦးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်မှုအက်ဥပဒေပုဒ်မ ၆(၁)၊၆(၂)တို့အရ နိုင်ငံသားလက်မှတ်ကို တရားဝင်လျှောက်ထား ကိုင်ဆောင်ထားနိုင်သူလည်း ဖြစ်ရ ပါမယ်။ အဲဒီလိုအထောက်အထားတွေပြည့်စုံစွာ ထပ်မံတင်ပြနိုင်ပါက ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၆ အရ ၁၅-၁၀-၁၉၈၂ မတိုင်မီ မွေးဖွားသူတွေကို နိုင်ငံသားအဖြစ် ခိုင်မာစွာ ဆက်လက် အတည်ပြုသွားရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်စောစောက တင်ပြခဲ့သလို နိုင်ငံခြားလူမျိုး စစ်စစ် ဒါမှမဟုတ် သွေးနှောများ ဖြစ်နေရင်တော့ နိုင်ငံသားဖြစ်မှုအတွက် ဆက်ပြီး လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်များကျန်ရှိနေပါတယ်လို့ ပြောကြားခဲ့ရခြင်းဖြစ်ပါတယ်။ အမှန်တော့ မေးမြန်းသူတင်ပြခဲ့တဲ့ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေဆိုတာ ၁၉၈၂ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးချိန်မှာ ရုပ်သိမ်းခဲ့ပြီး ဖြစ်နေကြောင်းလည်း တင်ပြလိုပါတယ်။ ဒါ့အပြင် လက်ရှိ အတည်ပြုပြဋ္ဌာန်းထားတဲ့ ၁၉၈၂ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၃ မှာ နိုင်ငံသားဆိုတဲ့ အဓိပ္ပါယ် ဖွင့်ဆိုခြင်းနဲ့ ပတ်သက်လို့ဖော်ပြရာမှာ နိုင်ငံတော်မှာပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ်

၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ခုနှစ်၊ မတိုင်မီကာလကစလို့ ပင်ရင်း နိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားများနှင့်မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားဖြစ်သည်လို့ ကနေ့ ကျွန်တော်တို့ အတည်ပြုထားတဲ့ နိုင်ငံသားဥပဒေက ဖော်ပြထားပါတယ်။ ဒီဥပဒေ ဖော်ပြချက်မှာပါရှိတဲ့ တိုင်းရင်းသားများနှင့် မျိုးနွယ်စုများ မဟုတ်သေးဘူးဆိုရင် နိုင်ငံသားအဖြစ် ခိုင်မာစွာ အတည်ပြုနိုင်အောင် ကျွန်တော် အထက်ကတင်ပြခဲ့သလို ကျန်ရှိနေသေးသော ဆက်လက်ဆောင်ရွက်ရမယ့် အထောက်အထားများကို၊ လုပ်ငန်းစဥ်များကို ဆက်ပြီးတင်ပြရမယ့်အပိုင်းများ ကျန်ရှိနေပါသေးကြောင်း ထပ်လောင်း အသိပေး ပြောကြား လိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ဆက်လက်ပြီးတော့ ဒုတိယမေးမြန်ချက်ဖြစ်တဲ့ ထုတ်ပေးထားပြီးတဲ့ ယာယီသက်သေခံလက်မှတ်များကို ပန်းရောင်နိုင်ငံသားစိစစ်ရေးကတ်များနှင့် လဲလှယ်ပေးရမယ့်ကိစ္စနှင့် ပတ်သက်လို့ဖြေကြားရရင် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းဆိုတာ လူမျိုးဘာသာအပေါ် အခြေခံဆောင်ရွက်ခြင်းမဟုတ်ဘဲ ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့က အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံသားဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ နိုင်ငံသားအရည်အချင်းပြည့်မီခြင်း ရှိ၊ မရှိဆိုတဲ့ အချက်ပေါ်မှာ အခြေခံပြီး ပြည့်မီတယ်ဆိုရင် ထုတ်ပေးသွားရမယ့်ကိစ္စပဲ ဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပါ မြန်မာနိုင်ငံသား အရည်အချင်းသတ်မှတ်ချက်တွေဟာ ဒီပြည်သူ့လွှတ်တော် ခန်းမကြီးထဲမှာ ပြီးခဲ့တဲ့ ဩဂုတ်လ၂၆ ရက်နေ့က ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့မေးမြန်းချက်ကို ဖြေကြားခဲ့စဥ်က ကျွန်တော်ရှင်းပြခဲ့ပြီးဖြစ်လို့ အချိန်ကိုလေးစားသော အားဖြင့်ထပ်မံရှင်းမပြတော့ပါဘူး။ တစ်ဆက်တည်းမှာပဲ နိုင်ငံသားစိစစ်ရေးလုပ်ငန်းနဲ့ပတ်သက်တဲ့ကိစ္စဟာ အရေးကြီးကိစ္စဖြစ်တဲ့အတွက် ၁၉၈၂ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၁၈ မှာ နိုင်ငံသားတစ်ဦးဟာ မဟုတ်မမှန်ဖော်ပြခြင်းသို့မဟုတ်ဖုံးကွယ်ခြင်းဖြင့် နိုင်ငံသားအဖြစ်ကို ရမယ်ဆိုရင် အဲဒီနိုင်ငံသားအဖြစ်က ရုပ်သိမ်းခံရမည့်အပြင် ထောင်ဒဏ် ၁၀ နှစ်နှင့် ငွေဒဏ်ကျပ် ၅၀၀၀၀ ကိုလည်း ကျခံစေရမည်ဟု ဖော်ပြထားသလို၊ပုဒ်မ၁၉မှာ နိုင်ငံသားတစ်ဦးဟာ မသမာသောနည်းလမ်းဖြင့် နိုင်ငံသားလက်မှတ် သို့မဟုတ် ဧည့်နိုင်ငံသားလက်မှတ် သို့မဟုတ် နိုင်ငံသားပြုခွင့်လက်မှတ်ကို သူတစ်ဦးရရှိဖို့ အားပေးကူညီလျှင် ထောင်ဒဏ်ခုနစ်နှစ်နှင့် ငွေဒဏ်ကျပ်၁၀၀၀၀ကိုကျခံစေရမည်ဟု ဖော်ပြထားတာကြောင့် ကာယကံရှင်တွေအနေနဲ့ နိုင်ငံသားအဖြစ် အကျုံးဝင်ကြောင်း ဘိုးဘွား၊ မိဘတို့ရဲ့ အထောက်အထားများ တိကျစွာ၊ခိုင်မာစွာတင်ပြနိုင်မှသာ နိုင်ငံသားစိစစ်ရေးကတ်ပြားရနိုင်မှာဖြစ်သလို မိမိဝန်ထမ်းများဘက်ကလည်း နိုင်ငံသားဖြစ်ကြောင်း အထောက်အထားခိုင်မာစွာ

တင်ပြနိုင်သူကိုသာ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးလုပ်ငန်းစဉ်များ ရှိပါကြောင်းလည်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ၁၉၈၂ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့် ၁၉၄၇ခုနှစ်၊ နိုင်ငံခြားသားများမှတ်ပုံတင်ရေး အက်ဥပဒေတို့အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နေထိုင်သူတစ်ဦးဦးဟာ ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဒါမှမဟုတ် ဧည့်နိုင်ငံသားလက်မှတ်၊ ဒါမှမဟုတ် နိုင်ငံသားပြုခွင့်လက်မှတ်၊ ဒါမှမဟုတ် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်နဲ့ ယာယီသက်သေခံ လက်မှတ်တစ်မျိုးမျိုးကို ကိုင်ဆောင်ကြရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသားဥပဒေမှာ နိုင်ငံခြားသားဆိုတာ နိုင်ငံသားမဟုတ်သောသူ ဒါမှမဟုတ် ဧည့်နိုင်ငံသားမဟုတ်သောသူ၊ သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မဟုတ်သောသူကို ဆိုလိုခြင်း ဖြစ်တယ်လို့ အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။ တစ်ခါ နိုင်ငံသား၊ ဒါမှမဟုတ် ဧည့်နိုင်ငံသား၊ ဒါမှမဟုတ် နိုင်ငံသားပြုခွင့်ရသူ၊ ဒါမှမဟုတ် နိုင်ငံခြားသားဖြစ်ကြောင်း အထောက်အထားပြည့်စုံစွာ မတင်ပြနိုင်သူတွေကိုတော့ နိုင်ငံသားသံသယအဖြစ် ယာယီသတ်မှတ်ရမှာဖြစ်ပြီး၊ ယာယီသက်သေခံလက်မှတ်များ ထုတ်ပေးကိုင်ဆောင်ထားကြရမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ သူတို့တွေကို ဥပဒေနဲ့အညီ ကိုင်ဆောင်သင့်တဲ့ ကျွန်တော်အထက်ကတင်ပြခဲ့တဲ့ ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ဖို့အတွက် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၄၂ ပါအတိုင်း ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မတိုင်မီကာလမှာ နိုင်ငံတော်အတွင်း ရောက်ရှိနေထိုင်သူနှင့် ထိုသူတို့မှ နိုင်ငံတော်အတွင်းမွေးဖွားတဲ့ သားသမီးများဟာ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ လျှောက်ထားရန် ကျန်ရှိနေကြောင်း ခိုင်လုံတဲ့ အထောက်အထားများနဲ့ ဗဟိုအဖွဲ့ကို နိုင်ငံသားပြုခွင့်ရဖို့ လျှောက်ထားနိုင်ပါတယ်။ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ ထောက်ခံချက်နဲ့ နိုင်ငံသားပြုခွင့်ရဖို့ လျှောက်ထားနိုင်ကြတာ ဖြစ်ပါတယ်။၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၆၅ မှာလည်း ပုဂ္ဂိုလ်တစ်ဦးဟာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် အဆုံးအဖြတ်ခံယူရန်အကြောင်းကိစ္စ ပေါ်ပေါက်လျှင် ဗဟိုအဖွဲ့ကို လျှောက်ထားနိုင်တယ်လို့ အတိအလင်း ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ၁၉၈၃ ခုနှစ်၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၄၆ နှင့်အညီ လျှောက်ထားနိုင်ပါကြောင်း အသိပေးပြောကြားလိုပါတယ်။ အဲဒီလို လျှောက်ထားသူတွေအတွက်လည်း ပြည်နယ်၊ တိုင်း၊ မြို့နယ်အဆင့်တွေတိုင်းမှာ အထောက်အကူပြု

စိစစ်ကြပ်မတ်ပေးဖို့နဲ့ ကူညီဆောင်ရွက်ပေးဖို့ အဖွဲ့တွလည်း ဖွဲ့စည်းထားပေးပြီး ဖြစ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ နိုင်ငံသားသံသယရှိသူများ၏ လျှောက်ထားချက်တွေအပေါ်မှာ ၂၄-၁၁-၂၀၁၉ ရက်နေ့မှစပြီး ကနေ့အထိ ဗဟိုအဖွဲ့အစည်းအဝေးရှစ်ကြိမ်ပြုလုပ်ခဲ့ပြီး အင်အားအားဖြင့် ၁၀၅၀၅၁ ဦးကို နိုင်ငံသားပြုခွင့်ရသူအဖြစ်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်တစ်ခုတည်းအတွက်သာမဟုတ်ဘဲနဲ့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ သွေးနှောပြည်သူတွေအားလုံးအတွက် ရသင့်တဲ့အသိအမှတ်ပြု လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲများတည်ဆောက်ခြင်း၊ အချိန်ယူစိစစ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိနေကြောင်း အသိပေးပြောကြားလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်ဖြည့်စွက်တင်ပြလိုတဲ့အချက်ကတော့ ကျွန်တော်တို့နိုင်ငံဟာ ပထဝီအနေအထားအရ လူဦးရေထူထပ်သည့် နိုင်ငံကြီးနှစ်ခုအကြားမှာ တည်ရှိနေတယ်ဆိုတဲ့အချက်နဲ့ အထူးသဖြင့် ရခိုင်ပြည်နယ်ဟာ လူဦးရေးလွန်စွာထူထပ်များပြားတဲ့ တစ်ဖက်နိုင်ငံနဲ့နယ်နိမိတ်ခြင်း ထိစပ်နေတာကြောင့် ကျွန်တော်တို့ နိုင်ငံဘက်ခြမ်းမှာရှိတဲ့ ဘင်္ဂါလီလူမျိုးများနဲ့ ရုပ်ဆင်းသွင်ပြင်၊ ဘာသာစကား၊ ဓလေ့စရိုက်၊ အယူဝါဒကစပြီး တူညီမှုရှိနေတဲ့အချက်ကို အခွင့်ကောင်းယူပြီး တစ်ဘက်နိုင်ငံနေ ဘင်္ဂါလီလူများဟာ နည်းမျိုးစုံနဲ့ တရားမဝင်ဝင်ရောက်ခြင်း၊ကူးလူးဆက်ဆံပေါင်းသင်း နေထိုင်မှုများကြောင့် မိမိနိုင်ငံခြမ်းမှာ ခွဲခြားရန်ခက်ခဲတဲ့ လူဦးရေရောထွေးမှုများ အမှန်တကယ်ရှိနေပါတယ်ဆိုတဲ့ အချက်များကြောင့် နိုင်ငံတော်ရဲ့လုံခြုံရေးနဲ့ အမျိုးသားရေးလိုအပ်ချက်အရ စနစ်တကျ အချိန်ယူစိစစ်ရတဲ့ လုပ်ငန်းများဟာလည်း အမှန်တကယ် လိုအပ်နေဆဲဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။ ဒါကြောင့် အရေးကြီးတဲ့ နိုင်ငံသားစိစစ်ရေးလက်မှတ် လဲလှယ်ထုတ်ပေးရေး လုပ်ငန်းစဉ်များမှာ ကာယကံရှင်များဘက်က သတ်မှတ်ချက်နဲ့ညီတဲ့ အထောက်အထားများတင်ပြနိုင်ဖို့ဟာ အဓိကလိုအပ်ချက်ဖြစ်နေပါကြောင်း ပြောကြားလိုပါတယ်။ သို့ရာတွင် နယ်မြေလူထုရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ဥပဒေနဲ့အညီသင့်တော်တဲ့ တစ်ချိန်ချိန်မှာ ပိုမိုချောမွေ့စေတဲ့ နည်းလမ်းများ ဖော်ဆောင်ပေးနိုင်ရေးတွေကိုလည်း စဥ်းစားသုံးသပ်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်(ခေါ်)

ဦးအဒူရော်ဇက်ရဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောဒေသမှ ၉၀ ရာခိုင်နှုန်းခန့်သော ဒေသခံမြန်မာ-မွတ်ဆလင်များဟာ စစ်တွေမြို့နဲ့ ရန်ကုန်မြို့တွေကိုခရီးသွားရာမှာ တရားမဝင်ငွေကြေး ပေးချေကုန်ကျနေရပါကြောင်း မေးမြန်းချက်နဲ့ပတ်သက်ပြီး ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော် စောစောက ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်သလိုပဲ တစ်ဘက်နိုင်ငံနဲ့ ဆက်စပ်နေတဲ့ ဘူးသီးတောင်-မောင်တောဒေသမှ စစ်တွေနဲ့ ရန်ကုန်ကို သွားရောက်ရာ လမ်းတစ်လျှောက်မှာ တစ်ဖက်နိုင်ငံနေ ဘင်္ဂါလီများတရားမဝင်ခိုးဝင်မှု ကာကွယ်တားဆီးနိုင်ရေးအတွက် လုံခြုံရေးနဲ့ အမျိုးသားရေးလိုအပ်ချက်တွေအရ လိုအပ်တဲ့နေရာတွေမှာ စစ်ဆေးကြပ်မတ်တားဆီးရေးလုပ်ငန်း များကို ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ဌာနတစ်ခုတည်း သက်သက်သာမဟုတ်ပဲ သက်ဆိုင်တဲ့ ဌာနပေါင်းစုံပါဝင်တဲ့ ပူးပေါင်းအဖွဲ့များနဲ့ စိစစ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ဌာနတိုင်းဟာ ဥပဒေနဲ့အညီသာဆောင်ရွက်ဖို့ သတ်မှတ်ညွှန်ကြားနေကြစမြဲသာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အမှန်တကယ်နစ်နာသူတွေ ရှိနေတယ်ဆိုရင် ကာယကံရှင်တွေဘက်က အချိန်၊ နေရာအပါအဝင်တိကျမှန်ကန်တဲ့ အထောက်အထားများနဲ့ တရားဝင်တိုင်ကြားမှု ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့သက်ဆိုင်တဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနအပိုင်းကတော့ ယခုကာလမှာ နိုင်ငံတစ်ဝန်း ကျေးရွာ၊ ရပ်ကွက်တွေအထိ မိုးပွင့်အဆင့်-၁အမည်နဲ့ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပိုမိုလွယ်ကူလျင်မြန်စွာရရှိအောင် ဖြေလျှော့ရေးစနစ်သစ်နဲ့ ဆောင်ရွက်ပေးနေလျက် ရှိနေပြီးတော့ ကြိုတင်ပြင်ဆင်နေတဲ့ ကာလကတည်းကအခုအချိန်အထိ လာဘ်ပေးလာဘ်ယူ ပြုလုပ်ပါက တိုင်ကြား နိုင်ကြောင်း လက်ကမ်းစာစောင်တွေ သန်းချီဖြန့်ဝေပြီး ဖြစ်ပါတယ်။ ဒီလိုပဲ လူသိရှင်ကြား နေ့စဥ် ရက်ဆက် ကွင်းဆင်းအသိပေးဟောပြောခြင်း မြန်မာ့ရုပ်မြင်သံကြားနဲ့ မြဝတီရုပ်သံတွေမှာ တွေ့ဆုံ မေးမြန်းခန်းတွေလုပ်ပြီး တိုင်ကြားနိုင်တဲ့ တယ်လီဖုန်း၊ ဖက်စ်နံပါတ်များ တရားဝင်အသိပေး ထုတ်ပြန်ခြင်း၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ အသိပေးဖော်ပြခြင်း၊ ဌာနပိုင် Website များ လွှင့်တင်အသိပေး ခြင်းများစတဲ့နည်းလမ်းမျိုးစုံနဲ့ နစ်နာသူတိုင်းကို တိုင်ကြားနိုင်ပါကြောင်း၊ အပြုသဘောအကြံဉာဏ် များပေးခြင်းများကိုလည်း ဝမ်းပန်းတသာလက်ခံပါကြောင်း နိုင်ငံတစ်ဝန်း ထုတ်ဖော်ပြောဆိုကြေညာ ဆောင်ရွက်နေတာကို သတိပြုမိကြမည်ဟု လေးနက်စွာ ယုံကြည်ပါတယ်။ ကနေ့အချိန်အထိလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ဒေသခံပြည်သူပေါင်းများစွာက မရှင်းလင်းတာတွေကို မေးမြန်းခြင်း၊ ပြုပြင်ပေးစေလိုတဲ့ကိစ္စတွေနဲ့ အသိပေးခြင်းများကိုလည်း ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ပေးခြင်းများပြုလုပ်လျက် ရှိပါတယ်။ ဌာနအနေနဲ့ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်ကို သွေဖည်ဆောင်ရွက်မှုများ ရှိခဲ့တဲ့ဝန်ထမ်း ၁၂ ဦးကိုလည်း ဇူလိုင်လ၁ရက်နေ့ကစလို့ ကနေ့အထိ

နှစ်လတာစီမံချက်ကာလအတွင်း ထုတ်ပယ်ခြင်း၊ အဆင့်လျှော့ချခြင်း၊ နယ်ပြောင်းခြင်းစတဲ့ အပြစ်ပေး အရေးယူခြင်းများလည်း ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဖက်ကတော့ အထောက်အထားအပြည့်အစုံနဲ့ ဖော်ပြတိုင်ကြားလာပါက စနစ်တကျစိစစ်ဖော်ထုတ်ပြီး မှန်ကန်ပါက အရေးယူသွားရန်အသင့်ရှိပါကြောင်းနဲ့ နိုင်ငံတော် အစိုးရအဖွဲ့သစ်ရဲ့ ကောင်းမွန်သောအုပ်ချုပ်မှု (Good Governance) သန့်ရှင်းသောအစိုးရ Clean Government ဖြစ်ထွန်းပေါ်ပေါက်စေရေး အတွက် အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်နေသည်ကိုလည်း သိရှိစေလို ပါ ကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် ဘူးသီးတောင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်ရဲ့ မေးမြန်းချက်နဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်ကပဲ ဆက်ပြီးတော့ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီမေးမြန်းချက်နဲ့ ပတ်သက်ပြီးတော့ အဲဒီဘက် ဒေသတွေမှာ ခရီးသွားလာခွင့် လဝက ပုံစံ(၄)ဆိုတာနဲ့ ခရီးသွားလာစေတဲ့စနစ်ရယ်၊ အဲဒီစနစ်ကို လိုက်နာမှုရှိအောင် အမိန့်ထုတ်ပြန် ကြီးကြပ်ကွပ်ကဲရတဲ့အပိုင်း စတာတွေဖြစ်ပေါ်လာစေတဲ့ နောက်ခံဖြစ်ရပ်များကို အကျဉ်းချုံးပြီး ဆက်စပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ရခိုင်ပြည်နယ်၊ မောင်တောဒေသဟာ ကျွန်တော် စောစောက တင်ပြခဲ့သလိုပဲ တစ်ဖက်နိုင်ငံနဲ့ ၁၅၂ မိုင်ခန့် နယ်နိမိတ်ထိစပ်မှု ရှိပါတယ်။ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းမှာ နေထိုင်ကြတဲ့ ဘင်္ဂါလီလူမျိုးတွေဟာ တစ်ဖက်နိုင်ငံမှာ နေထိုင်တဲ့ ဘင်္ဂါလီလူမျိုးများနဲ့ ကိုးကွယ်ယုံကြည်မှု ဓလေ့ထုံးစံယဉ်ကျေးမှု ရုပ်ရည်သွင်ပြင် ဘာသာစကားကစပြီးတူညီကြတဲ့အတွက် ရှေးအစဉ်အဆက် ကာလများကတည်းက နှစ်နိုင်ငံကြား အပြန်အလှန် ကူးလူးသွားလာဆက်ဆံပေါင်းသင်းမှုများ ရှိခဲ့ကြပါတယ်။ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ နိုင်ငံများ ဖြစ်တဲ့အလျှောက် တူညီတဲ့အချက်တွေပေါ်မှာ အခြေခံပြီး အထူးသဖြင့် တစ်ဖက်နိုင်ငံမှာရှိတဲ့ ဘင်္ဂါလီလူမျိုးများဟာ ရေမြေသယံဇာတ ပိုမို ကောင်းမွန်ကြွယ်ဝတဲ့ ကျွန်တော်တို့နိုင်ငံ အတွင်းဖက်ကို တရားမဝင် ထိုးဖောက်ဝင်ရောက်မှုများ ရှိခဲ့ ကြပြီးတော့ ကျွန်တော်တို့နိုင်ငံ အတွင်းမှာရှိနေတဲ့ ဘင်္ဂါလီလူမျိုးစုများနှင့် အပြန်အလှန် အိမ်ထောင်ပြုခြင်း၊ သားသမီးမွေးဖွားခြင်းများ ရှိလာခဲ့ကြလို့ နိုင်ငံအတွင်းမှာ လူဦးရေရောထွေး နေထိုင်မှုများရှိလာခဲ့ခြင်း၊ ခွဲခြားရန်ခက်ခဲလာခြင်းစတဲ့အချက်တွေဟာ ငြင်းကွယ်လို့မရတဲ့ ဒီကနေ့

ပကတိ အခြေအနေများပင်ဖြစ်တယ်ဆိုတာ အားလုံးအသိပင် ဖြစ်ပါကြောင်း ကနဦးရှင်းလင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ရှင်းလင်းတင်ပြခဲ့သလိုပဲ ကာလရှည်ကြာစွာ မြန်မာနိုင်ငံအတွင်းကို တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်နေထိုင်သူများ အများအပြားရှိလာခဲ့တဲ့အတွက် အားလုံးသိပြီး ဖြစ်တဲ့အတိုင်း ၁၉၇၈ ခုနှစ်အတွင်းက နယ်မြေဒေသလုံခြုံရေးနဲ့ အမျိုးသားရေး လိုအပ်ချက်တွေအရ နဂါးမင်းစစ်ဆင်ရေးအမည်နဲ့ စစ်ဆေးခြင်းတွေ လုပ်ခဲ့ရပါတယ်။ အဲဒီကာလအတွင်းမှာ စစ်ဆေးဖို့ မခံနိုင်သူ၊ မခံဝံ့သူအချို့ဟာ တစ်ဖက်နိုင်ငံ အတွင်းကို ထွက်ပြေးတိမ်းရှောင်သွားတဲ့အတွက်ကြောင့် ဟသ်ာစီမံချက်အမည်နဲ့ လူဦးရေပေါင်း ၁၈၀၀၀၀ ကျော်ကို ပြန်လည်လက်ခံမှုပြုခဲ့ရပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်အတွင်းမှ ဘင်္ဂါလီလူမျိုးများဟာ ၁၉၉၀ ခုနှစ် နှင့် ၁၉၉၁ ခုနှစ်တို့မှာ အကြောင်းအမျိုးမျိုးကြောင့် တစ်ဖက်နိုင်ငံကို တစ်ခါထွက်ခွာသွားကြပြန်လို့ နှစ်နိုင်ငံသဘောတူချက်နဲ့ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့ကစပြီး ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့တာ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လအထိ ဦးရေပေါင်း ၂၃၀၀၀၀ ကျော်လက်ခံပေးခဲ့ပြီး ဖြစ်ပါတယ်။ သည့်နောက်ပိုင်းမှာ ကျွန်တော်တို့ဘက်က ယနေ့ထက်တိုင် လက်ခံရေးစခန်းဖွင့်လှစ်လက်ခံဖို့ ကမ်းလှမ်းသော်လည်းပဲ တရားဝင်ပြန်လည်ဝင်ရောက်လာသူ မရှိတော့ပါဘူး။ သို့ပါသော်လည်း နည်းမျိုးစုံနဲ့ ရောထွေးပြီး တရားမဝင် ခိုးဝင်မှုတွေကတော့ ယနေ့တိုင်ရှိနေဆဲ ဖမ်းဆီးရမိနေဆဲ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခုကျွန်တော် တင်ပြနေတဲ့တစ်ဖက်နိုင်ငံနေ ဘင်္ဂါလီလူမျိုးများရဲ့ တရားမဝင်ထိုးဖောက်ဝင်ရောက် နေထိုင်မှုတွေဟာဆက်စပ်နေတဲ့ နယ်စပ်ဒေသကိုသာမကဘဲနဲ့ တစ်စထက်တစ်စ၊ တစ်ဆင့်တက်ပြီး နိုင်ငံအတွင်းပိုင်းကိုပါ တရားမဝင်တိုးချဲ့ဝင်ရောက်လာကြပြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်အပါအဝင် ယခုအခါ နိုင်ငံအတွင်းပိုင်းနေရာများစွာကို ရောက်ရှိပျံ့နှံ့ နေထိုင်လာခဲ့ကြပါတယ်။ ဒါကြောင့် နောက်ကြောင်းဖြစ်စဉ်များကိုအခြေခံပြီး နိုင်ငံတော်ရဲ့လုံခြုံရေးနဲ့ အမျိုးသားရေး လိုအပ်ချက်တွေအရ လတ်တလောခွဲခြားရန်ခက်ခဲတဲ့အတွက် အခုလိုခရီးသွားလာခွင့် ပုံစံ(၄)ကိုအသုံးပြုခရီးသွားလာစေတဲ့နည်းကို စီစဉ်ဆောင်ရွက်ရခြင်းဖြစ်သလို လိုက်နာမှုရှိအောင်လည်း ကြီးကြပ်ကြပ်မတ်ဆောင်ရွက်ရခြင်းသာ ဖြစ်ပါကြောင်း အသိပေးပြောကြားလိုပါတယ်။ တကယ်တော့ ကျွန်တော်တို့ နိုင်ငံအတွင်းခရီးသွားလာကြတယ်ဆိုတဲ့အခါမယ် မည်သူမဆို လူတိုင်းလူတိုင်းဟာ ရောက်ရှိတည်းခိုနေထိုင်ရတဲ့နေရာတွေမှာ စနစ်တကျ ဧည့်စာရင်း

တိုင်ကြား နေထိုင်ရခြင်း၊ ထပ်တိုးခွင့်တောင်းခံရခြင်း မလိုက်နာပါက တည်ဆဲဥပဒေတွေအရ အရေးယူနိုင်ခြင်း စတဲ့စနစ်တွေဟာ နေရာတိုင်းမှာ လူတိုင်းအတွက် နိုင်ငံတော်လုံခြုံရေးအရ လက်ရှိအခြေအနေမှာ ရှိပြီးစနစ်တစ်ခုဖြစ်တယ်ဆိုတာလည်း အားလုံးအသိ ဖြစ်ပါတယ်။ ဒီလို စိစစ်ကြပ်မတ်နေတဲ့ကြားက မိမိတို့နိုင်ငံဖက်ခြမ်းမှာ နေသူတွေကို အသွင်ယူရောနှောပြီးတော့ တစ်ဖက်နိုင်ငံကခိုးဝင်မှုတွေ ရှိနေဆဲဖြစ်ကြောင်းကိုလည်း သာဓကတစ်ရပ်အနေနဲ့ ထုတ်နှုတ်တင်ပြ ရလျှင် ၂၀၀၅ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့အထိ မြန်မာနိုင်ငံအတွင်းကို တရား မဝင်ဝင်ရောက်လာသူ တစ်ဖက်နိုင်ငံသား ဘင်္ဂါလီ ၂၇၈ ဦးကို နေရာအနှံ့မှာ စိစစ်ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ပါတယ်။ ဖမ်းဆီးမိသော်လည်းပဲအရေးယူခြင်းမရှိဘဲ လာရာလမ်းအတိုင်း ပြန်လည် စေလွှတ်ပေးခဲ့တဲ့ တရားမဝင် ခိုးဝင်လာသူအရေအတွက်ကလည်း ရာဂဏန်းရှိခဲ့တဲ့အတွက်ကြောင့် အခုလို စနစ်တကျစိစစ် စစ်ဆေးခွင့်ပြုဖို့နဲ့လိုက်နာစေဖို့ ကြပ်မတ်ဖို့ကလည်းအမှန် တကယ်လိုအပ် နေဆဲဖြစ်တယ်ဆိုတဲ့ အချက်ကို ဖော်ညွှန်းပြသရာရောက်နေပါကြောင်းလည်း တင်ပြလိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ခရီးသွားလာခွင့်ပုံစံ ၄ ကိုအသုံးပြုခြင်းဟာ ခရီးသွားလာခွင့်ပိတ်ပင်ခြင်းမဟုတ်ပါ။ စနစ်တကျ စစ်ဆေးခွင့်ပြုသည့်စနစ်ကို ကျင့်သုံးခြင်းသာဖြစ်ပါတယ်။ ဒီစနစ်မှာမြို့နယ်အတွင်းဆိုရင် တစ်ရွာနှင့် တစ်ရွာသာမက သွားလိုရာ နေရာတိုင်းကို လွတ်လပ်စွာသွားလာခွင့်ရှိပါတယ်။ ပြည်နယ်အတွင်း မြို့နယ်ကျော်သွားမယ်ဆိုရင် မြို့နယ်ဦးစီးခရိုင်မှူး၊ ပြည်နယ်ဦးစီးမှူးတွေထံမှ ခွင့်ပြုချက်ရယူပြီး လျှောက်ထားသွားလာနိုင်ပါတယ်။ ပြည်နယ်ကျော်သွားမယ်ဆိုရင်တော့ ပြည်နယ်မှူး၏ ထောက်ခံချက် နှင့် ဒေသအာဏာပိုင် ခွင့်ပြုချက်ဖြင့်ခွင့်ပြုပေးလျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ သတ်မှတ်ချက် နဲ့ပြည့်စုံတဲ့ ခရီးသွားလာခွင့်အားလုံးကို ခွင့်ပြုပေးလျက်ရှိပါတယ်။ ပညာသင်ကြားခွင့်၊ ကျန်းမာရေး၊ လူမှုရေးစတဲ့ ကိစ္စတွေကိုလည်း လိုအပ်ချက်ပေါ်မူတည်ပြီး ရောက်နေတဲ့နေရာက တင်ပြချက်အပေါ် ထပ်တိုးခွင့်ပြုခြင်းများလည်း ပြုလုပ်ပေးလျက်ရှိပါတယ်။ ဥပမာအနေနဲ့ ကိန်းဂဏန်းအရ ထုတ်နှုတ် တင်ပြရရင် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကနေ လက်ရှိ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့အထိ ပြည်မဒေသ အထူးသဖြင့် ရန်ကုန်ကိုသွားရောက်ဖို့ ခွင့်ပြုပေးခဲ့တာ အင်အား ၃၆၀ ကျော်ရှိပါတယ်။ အဲဒီထဲကနေ လိုအပ်ချက်အရ ထပ်တိုးနေထိုင်မှုများကိုလည်း အရေအတွက်များစွာ ခွင့်ပြုပေးခဲ့ပါတယ်။ တစ်ခါ ပညာသင်ကြားရေးအပိုင်းကိုကြည့်လျှင် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ ကနေ ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့အထိ ရန်ကုန်မှာရှိတဲ့ တက္ကသိုလ်အသီးသီးမှာ ပညာ သင်ကြားဖို့ ထပ်တိုးခွင့်တွေအပါအဝင် ပညာသင်နှစ်တွေတစ်လျှောက်လုံးမှာ နေထိုင်ခွင့်ပြုခဲ့တာ

ရှိပါတယ်။ လတ်တလောမှာပဲ ၂၃ ဦးရှိပါကြောင်း အသိပေးပြောကြားလိုပါတယ်။ ဒါကြောင့် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားရေး လိုအပ်ချက်အရ ဆက်စပ်နယ်မြေကတစ်ဆင့် ရောထွေးပြီး တရားမဝင်ခိုးဝင်လာမယ့် ဘင်္ဂါလီလူမျိုးများ ကို တားဆီးနိုင်ဖို့အတွက် လဝက ပုံစံ ၄ ကို အဲဒီဒေသနေ ဘင်္ဂါလီလူမျိုးများအတွက် အသုံးပြုနေရခြင်းဖြစ်ပြီးတော့ လိုအပ်ချက်တွေအရ ကြပ်မတ်ဆောင်ရွက် နေရခြင်းသာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ။** ။ ဘူးသီးတောင်နဲ့မောင်တောမြို့နယ်မှ ပြည်သူ့ကိုယ်စားလှယ်များ အလေးထား မေးမြန်းတဲ့မေးခွန်းကို သက်ဆိုင်ရာဝန်ကြီးဌာနများကနေပြီးတော့ အလေးထားဖြေသွားတာတွေ့ရပါ တယ်။ မိမိအနေနဲ့ နားထောင်သလို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း အလေးထား နားထောင်နေတယ်ဆိုတာကို သတိပြုမိပါတယ်။ ဒီနေရာမှာမေးခွန်းထဲမှာ ခေါင်းစဉ်မှာ မပါပေမယ့် ငွေကြေးပေးကမ်းရတဲ့ကိစ္စ၊ နောက်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကနေပြီးတော့ အမိန့်ထုတ်ပြန်တဲ့ ကိစ္စ စသည်ဖြင့် ဒီဥစ္စာတွေလည်းပါလာတယ်ဆိုတာတွေ့ရပါတယ်။ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ လည်း သက်ဆိုင်ရာဌာနများကနေပြီးတော့ ဥပဒေနဲ့အညီ မှန်ကန်မျှတစွာ စိစစ်ဆောင်ရွက်သွားပေးဖို့ သက်ဆိုင်ရာကိုလည်း ကျွန်တော်တို့ ဒီလိုတိုက်တွန်းပါတယ်။ ခုနက သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီး တင်ပြသလိုပဲ လာဒ်ပေးလာဒ်ယူကိစ္စများ အမှန်တကယ်ရှိနေတယ်ဆိုလို့ရှိရင်လည်း ရဲရဲဝံ့ဝံ့ မပျက်မကွက်တင်ပြ ဖြေရှင်းခြင်းဖြင့် ပိုမိုအဆင်ပြေချောမွေ့သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အချိန်ရဲ့လိုအပ်ချက်ကြောင့် နေ့လည်စာထမင်း စားသုံးဖို့အတွက် အစည်းအဝေးကို ၄၅ မိနစ်သာ ရပ်နားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[** အစည်းအဝေးကို ၄၅ မိနစ်ခန့် ရပ်နားပါသည်။**]**

**အချိန်၊ ၁၃း၀၅။**

**အခမ်းအနားမှူး။** ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြား ထားသူများခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးဖုံးတိန့်၊ ချီဖွေမဲဆန္ဒနယ်၏ "ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီ ဖြစ်ရမည်ဟူသော ရည်မှန်းချက် အောင်မြင်ရေးအတွက် စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်း၊ တာတမံများ ဒေသအခြေအနေအရ တည်ဆောက်ပေးရေး"အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း ၃၂။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး အဋ္ဌမနေ့မှာ တင်သွင်းထားတဲ့ **"ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီဖြစ်ရမည်ဟူသော ရည်မှန်းချက် အောင်မြင်ရေးအတွက် စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်းတာတမံများ ဒေသအခြေအနေအရ တည်ဆောက်ပေးရေး"** အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် (၃) ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးဖုံးတိန့်၊ ချီဖွေမဲဆန္ဒနယ်၏ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏စတုတ္ထစပါးကျီဖြစ်ရမည်ဟူသော ရည်မှန်းချက်များအောင်မြင် ရေးအတွက် စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်းတာတမံများ ဒေသအခြေအနေအရ တည်ဆောက် ပေးရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ လူဦးရေ ၁၆ သိန်းကျော်ရှိပြီး ကချင်၊ ရှမ်း၊ ဗမာ နှင့် အခြား တိုင်းရင်းသားမျိုးနွယ်စုများ စုပေါင်းနေထိုင်လျက်ရှိပါတယ်။ အဓိကစီးပွားရေးလုပ်ငန်းကတော့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို မှီခိုအားထားနေရပါတယ်။ ကချင်ပြည်နယ်ရဲ့ မြေအသုံးချမှုကို ကြည့်ရင် တောင်သူလက်ရှိစိုက်ပျိုးသည့် မြေဧရိယာပေါင်း ၇၈၈၀၀၈ ဧကဖြစ်ပြီး စိုက်ပျိုးနိုင်သည့် မြေရိုင်းဧရိယာမှာ ၄၁၇၆၇၅၅ဧက ဖြစ်ပါတယ်။ ကချင်ပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့ စတုတ္ထစပါးကျီ

ဖြစ်လာစေရန်အတွက် ၂၀၀၈-၂၀၀၉ ခုနှစ်မှ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ ငါးနှစ်စီမံကိန်းကာလအတွင်း စပါးတင်း ၆၄၂ သိန်းခန့် ပိုလျှံထွက်ရှိရေးကို ရည်မှန်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်အတွင်း ရေမြေရာသီဥတုအပေါ် မူတည်၍ မြေအမျိုးအစားအလိုက် မိုးစပါးစိုက်ပျိုးမယ့် အစီအစဥ်နဲ့ တစ်ဧကအထွက်နှုန်း တိုးမြှင့်ထုတ်လုပ်ရေးကိုလည်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ သည် အခြေခံကျပြီး အရေးပါလှပါတယ်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ခေတ်မီနည်းပညာများ အသုံးပြုရမှာ ဖြစ်သကဲ့သို့ စိုက်ပျိုးရေရရှိရေးနည်းလမ်းကိုလည်း ဦးစားပေး ထည့်သွင်းစဥ်းစားရမှာ ဖြစ်ပါတယ်။ အချို့နိုင်ငံကြီးများပင်လျှင် အထွက်တိုးမျိုးစပါးများစိုက်ပျိုးခြင်းအပြင် ရေသွင်း စိုက်ပျိုးခြင်းများကိုပါ အသုံးပြုဆောင်ရွက်လျက် ရှိသည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အနေနဲ့ စိုက်ပျိုးရေရရှိရေးအတွက် ကျွန်တော်တို့ ကချင်ပြည်နယ် အပါအဝင် နိုင်ငံနှင့် အဝှမ်းမှာ ဆည်မြောင်း တာတမံစီမံကိန်းများ၊ မြစ်ရေတင် လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့လို့ ကျေးဇူးတင် ဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်ရဲ့ ဆည်မြောင်းလုပ်ငန်းများ အခြေအနေကို လေ့လာကြည့်မယ်ဆိုရင် နိုင်ငံတော်က ထိန်းသိမ်းဆည် ၃ ခု၊ ဖွံ့ဖြိုးရေးဆည် ၄၇ ခု၊ ကျေးလက်ဆည် ၆၇ ခုနှင့် UNDP ဆည် ၁၀ ခု ၊ စုစုပေါင်း ၁၂၇ ခု ရှိတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် ကချင်ပြည်နယ်အတွင်း တည်ဆောက်ရန် လျာထားတဲ့ဆည်မြောင်းစီမံကိန်းလုပ်ငန်းသစ် ၁၃ ခု ရှိတာကိုလည်း ဝမ်းမြောက်ဝမ်းသာ လေ့လာတွေ့ရှိရပါတယ်။ သို့ပါသော်လည်း ကျွန်တော်တို့ ကချင်ပြည်နယ်အတွင်း တည်ဆောက်ပေးခဲ့သော အချို့ဆည်များမှာ ပျက်စီးမှုများ ရှိနေတဲ့အတွက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အသစ် တည်ဆောက်ရန်လျာထားတဲ့ ဆည်မြောင်းစီမံကိန်းလုပ်ငန်းကို နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအခြေအနေ ပေါ်မူတည်ပြီး နှစ်အလိုက် ဒေသအခြေအနေအရ အကောင်အထည်ဖော်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်က တောင်သူအချို့ဟာ မိုးစပါးစိုက်ချိန်နဲ့ ရိတ်သိမ်းချိန်ကာလ တစ်ခုတည်းကိုပဲ အလေးထားစိုက်ပျိုး ကြပြီး ကျန်ရှိတဲ့အချိန်မှာ ငွေရလွယ်ကူတဲ့ တရားမဝင်ရွှေတူးခြင်း၊ သစ်ခုတ်၊ ဝါးခုတ်ခြင်း လုပ်ငန်း ကိုသာ အားထည့်ဆောင်ရွက်နေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ပြီးတော့ စိုက်ပျိုးတဲ့ လယ်ဧက အများစုဟာလဲ မိုးရေသောက်လယ်တွေ ဖြစ်နေပါတယ်။ ဒီနေရာမှာ နိုင်ငံတော်အပိုင်းက

ဆည်ရေသောက်ဧရိယာတွေ တိုးမြှင့်လာစေရန်အတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွေ ထပ်မံဖန်တီး ဖြည့်ဆည်းပေးလိုက်မယ်ဆိုရင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကျော်လွှားနိုင်မယ့်အပြင် တစ်သီးမှ နှစ်သီး၊ သုံးသီးအထိ တိုးတက်ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ တစ်ဆက်တည်း တောင်သူတွေလည်း ဝင်ငွေတိုးတက်ရရှိလာမယ့်အပြင် တရားမဝင် ရွှေတူး၊ ကျောက်တူး၊ သစ်ခုတ်၊ ဝါးခုတ်တဲ့ လုပ်ငန်းတွေ လျော့နည်းပြီး သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကိုလည်း ထိန်းသိမ်းရာရောက်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ ၏စတုတ္ထစပါးကျီဖြစ်ရမည်ဟူသော ရည်မှန်းချက်များအောင်မြင်ရေးအတွက် စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်းတာတမံများ ဒေသအခြေအနေအရ တည်ဆောက်ပေးရေး အဆိုကို အလေးအနက် ထောက်ခံဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၅။**

**ဦးအင်ဖုန်ဆန်း(ခ)ဦးအင်ထုဖုန်ဆန်း(မချမ်းဘောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး ကျန်းမာရွှင်လန်း ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်း ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇုံးတိန့် တင်သွင်းခဲ့သော ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထတစပါးကျီ ဖြစ်ရမည်ဟူသော ရည်မှန်းချက်အောင်မြင်ရေးအတွက် စိုက်ပျိုးရေးရေရရှိရေး၊ ဆည်မြောင်း တာတမံများ၊ ဒေသအခြေအနေအရ တည်ဆောက်ပေးရေး အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီ ဖြစ်ရမည်ဟူသော ရည်မှန်းချက်ဖြင့် နိုင်ငံတော်မှ စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်း တာတမံများ တည်ဆောက်ရေး၊ စိုက်ပျိုးရေး နည်းပညာနှင့် ဆက်စပ်ပစ္စည်းကိရိယာများ ပံ့ပိုးပေးခြင်းဖြင့်လုပ်ငန်း အကောင်အထည်ဖော်လျက်ရှိတဲ့အတွက် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာသည်ကို တွေ့ရှိရပါတယ်။ ဥပမာ သက်သေသာဓကအားဖြင့် ပြောရမယ်ဆိုရင် ကချင်ပြည်နယ်၊ ပူတာအိုခရိုင်သည် လွန်ခဲ့သော နှစ်များက ယခင်က ပြည်မကနေ ဆန်တင်ပို့ခဲ့သောဒေသဖြစ်ပါတယ်။ နိုင်ငံတော်မှ ဆည်မြောင်း

တာတမံများတည်ဆောက်ပေးခြင်း၊ ဒေသဖွံ့ဖြိုးရေး၊ လယ်ရေလွှဲမြောင်းများ ဖောက်လုပ်ခြင်းနှင့် လှေကားထစ်လယ်ယာများ ဖော်ထုတ်ပေးခြင်းကြောင့် ယခုအခါ ပူတာအိုမြို့နယ်နဲ့ မချမ်းဘော မြို့နယ်သည် ဒေသဝမ်းစာ ဖူလုံသော မြို့နယ်များဖြစ်လာခဲ့ပါတယ်။ ပူတာအိုခရိုင်အတွင်းရှိ ဆွမ်ပရာဘွမ်၊ နောင်မွန်း၊ ခေါင်လန်ဖူး နဲ့ ကျန်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးလည်း ဝမ်းစာ ဖူလုံရေးနဲ့ စပါးပိုလျှံထုတ်လုပ်ရေးအတွက် ကြိုးပမ်းလျက် ရှိနေကြောင်း တွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီဖြစ်ရမည် ဟူသော ရည်မှန်းချက်အောင်မြင်ရေးအတွက် ခရိုင်အလိုက်၊ မြို့နယ်အလိုက် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာရန် နိုင်ငံတော်မှလည်း အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် လယ်ယာကဏ္ဍ၌ တွန်းအားပေးလျက်ရှိနေပါတယ်။ ပူတာအိုမြို့နယ်တွင် စပါးစိုက်ဧကပေါင်း ၁၂၀၄၃ ဧကကို အကျိုးသက်ရောက်စေမည့် ဟိုဖိုင်ဆည်၊ မန်ပန်ဆည်၊ လယ်မယ်ဝါချီဆည်၊ နမ့်ပလပ်ဆည်နှင့် နမ့်ရှယ်ဆည်များကို မြေပြင်တိုင်းတာမှုပြုလုပ်ခြင်း၊ ဒီဇိုင်းပုံစံထုတ်ပြီးသောဆည်များကို လုပ်ငန်း အကောင်အထည်ဖော်လျက် ရှိသည်ကို တွေ့ရှိရပါတယ်။

အလားတူ မချမ်းဘောမြို့နယ်၌လည်း နမ်းခမ်းဆည်၊ လုံဒိန်ဆည်၊ ထရမ်ဒမ်းဆည်၊ အင်ဝိုင်းဘော့ဆည်၊ ငွါးဇာခါးကျေးလက်ဆည်များမှာ လယ်ယာမြေဧက ၅၀၀၀ကျော်ကို ရေပေးဝေနေ သော ဆည်များဖြစ်ပါတယ်။ ရာသီဥတုကြမ်းတမ်းမှုကြောင့် နှစ်စဥ်ရေတိုက်စားပျက်စီးနေပါသဖြင့် အထက်ပါဆည်များကို အမာခံကွန်ကရစ်ဆည်များအဖြစ် တည်ဆောက်ရန် လိုအပ်နေကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ တစ်ဆက်တည်း ဆွေးနွေးတင်ပြလိုတာကတော့ ဆည်မြောင်း တာတမံများ တည်ရှိရာ မြစ်ချောင်းတစ်လျှောက်၌ စက်ကြီး၊ စက်ငယ်များဖြင့် ရွှေတူးဖော်နေသောကြောင့် ဆည်ဝနှင့် ဆည်မြောင်းများ၌ မြေပြို၊ ကမ်းပြိုပြီး ဆည်မြောင်းများမကြာခဏ ပျက်စီးလျက် ရှိနေ ပါတယ်။ တချို့လယ်ယာမြေ၌ ရွှေတူးဖော်ခြင်းတို့ကြောင့် စပါးထုတ်လုပ်မှု လျော့နည်းစေပြီး ဒေသဝမ်းစာဖူလုံမှုကို ထိခိုက်နစ်နာစေပါတယ်။ သို့ဖြစ်ပါ၍ ဆည်မြောင်းတည်ရှိရာ မြစ်ချောင်း တစ်လျှောက်၌ ရွှေတူးဖော်ခြင်းကို အချိန်မီ တားမြစ်ပိတ်ပင်သင့်ကြောင်း တင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာလုပ်ကိုင်ရန် အခြေအနေမပေးသော ကချင် တောင်တန်းဒေသများ၌ နေထိုင်သည့် တိုင်းရင်းသားများသည် ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် အသက် မွေးကာ ဘဝရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားနေရတာကို တွေ့ရှိရပါတယ်။ ရွှေ့ပြောင်း တောင်ယာစနစ်ကြောင့် ရေမြေတောတောင်သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း၊ မိုးရာသီ၌

မြေပြို၊ တောင်ပြိုပြီး၊ လမ်းတံတားများ ပျက်စီးမျောပါသွားခြင်းနှင့် ရေလွှမ်းမိုးခြင်း ဘေးအန္တရာယ်ကို မကြာခဏကြုံတွေ့ရပါတယ်။ အဲဒါကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် တောင်ပေါ်ဒေသကျေးရွာများ၌ တောင်ယာမခုတ်ရ နယ်မြေများသတ်မှတ်ပြီး ရွှေ့ပြောင်းတောင်ယာစနစ်မှ လှေကားထစ်လယ်ယာစနစ်သို့ ကူးပြောင်းရေးအတွက် အစီအမံများ ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အချုပ်အားဖြင့် တင်ပြရလျှင် ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီ ဖြစ်ရမည်ဟူသော ရည်မှန်းချက်အောင်မြင်ရေးအတွက် ကချင်ပြည်နယ်အတွင်းရှိ ခရိုင်လေးခုနှင့် မြို့နယ် ၁၈ မြို့နယ်၌ စိုက်ပျိုးရေရရှိရေးနဲ့ ဆည်မြောင်းတာတမံများ ဆက်လက်တည်ဆောက်ပေးပါက နိုင်ငံတော်၏ရည်မှန်းချက် မလွဲမသွေ အောင်မြင်လာမည်ဟု ယုံကြည်ပါကြောင်း ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့် တင်သွင်းသော အဆိုကို အလေးအနက် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန် ၊ ၁၃း၂၀။**

**ဦးဇော်ထွန်း(မိုးမောက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်း ဖြစ်ပါတယ်။ မနေ့က ချီဖွေမဲဆန္ဒနယ် ဦးဖုံးတိန့် တင်သွင်းသွားသောအဆိုသည် ပြည်သူလူထုအတွက် အကောင်းဆုံးဖြစ်တဲ့အဆိုဖြစ်ပါကြောင်း ကျွန်တော်လည်းပဲ ထောက်ခံအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

## ဦးဖုံးတိန့်၊ ချီဖွေမဲဆန္ဒနယ်၏ အဆိုကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဦးမြင့်လှိုင် (ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့်၏ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏စတုတ္ထစပါးကျီ ဖြစ်ရမည်ဟူသော ရည်မှန်းချက်အောင်မြင်ရေးအတွက် စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်းတာတမံများ၊ ဒေသအခြေအနေအရ တည်ဆောက်ပေးရေးဟူသော အဆိုနှင့်ပတ်သက်၍ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ယခုကဲ့သို့ ကချင်ပြည်နယ်အတွင်း ဒေသဝမ်းစာဖူလုံရေးနှင့် စပါးသီးနှံ ပိုမိုထုတ်လုပ်နိုင်ရေးတို့အတွက် အဆိုတင်သွင်းသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့်နှင့် အဆိုအပေါ် အားတက်သရော ထောက်ခံပါဝင် ဆွေးနွေးခဲ့ကြသည့် ကိုယ်စားလှယ်တော်ကြီးများအား အထူးပင်ကျေးဇူးတင်ရှိ ပါကြောင်း ပြောကြားလိုပါတယ်။ ကချင်ပြည်နယ်အတွင်း လက်ရှိတည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်သည့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းထားသည့် ရေလွှဲဆည် ၃ ခုအနေဖြင့် အကျိုးပြုဧက ၁၆၃၃၈ ဧကကို အကျိုးပြုလျက်ရှိပြီး ကျေးရွာများမှ ထိန်းသိမ်းထားသည့် ဖွံ့ဖြိုးရေးဆည်များ အပါအဝင် ကျေးလက်ဆည်များ၊ UNDP ဆည်ငယ်များ၊ စုစုပေါင်း ဆည်ငယ် ၁၂၄ ခု အနေဖြင့် အကျိုးပြုဧက ၆၆၉၀၆ ဧကကို အကျိုးပြုပေးလျက်ရှိနေပါတယ်။ လက်ရှိ ကချင်ပြည်နယ်အတွင်း တည်ဆောက်ဆဲလုပ်ငန်းများဖြစ်ကြတဲ့ ရွှေကူမြို့နယ် ပေါင်းနက်ရေလှောင်တမံစီမံကိန်းဟာ လက်ရှိ ပြီးစီးမှု ၂၅ ရာခိုင်နှုန်း၊ မိုးမောက်မြို့နယ် တာလီရေလွှဲဆည်စီမံကိန်းဟာ လက်ရှိပြီးစီးမှု ၃၁ ရာခိုင်နှုန်း၊ ဖားကန့်မြို့နယ် နောင်မီးရေလွှဲဆည်လက်ရှိပြီးစီးမှုအနေနဲ့ ၄၅ ရာခိုင်နှုန်းကို နိုင်ငံတော်အနေနဲ့ ဘဏ္ဍာငွေခွဲဝေသတ်မှတ်ပေးချက်ပေါ်မူတည်ပြီးတော့မှ ၎င်းဆည်လုပ်ငန်းများ ဆက်လက်ပြီးစီးအောင် အကောင်အထည်ဖော်နိုင်ရေးအတွက် လယ်/ဆည်ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ထို့အပြင် ဒေသရဲ့အခြေအနေအရ အသစ်ထပ်မံတည်ဆောက်ပေးရန် လုပ်ငန်း ၁၃ ခုကို လျာထားသတ်မှတ်ထားပြီး စူးစမ်းလေ့လာမှုများပြုလုပ်ခြင်း၊ ဒီဇိုင်းပုံစံများ ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းသစ်များမှာ ဝိုင်းမော်မြို့နယ်တွင် ငွေ့ထူးရေလှောင်တမံစီမံကိန်းအနေနဲ့ (အကျိုးပြုဧက ၅၀၀၀ဧက)၊ နန့်မီးရေလှောင်တမံစီမံကိန်း (အကျိုးပြုဧက ၃၀၀၀ ဧက)၊ နန့်မြင်းခရေလှောင်တမံစီမံကိန်း ဝါရှောင်ရေလွှဲဆည် (အကျိုးပြုဧက

၁၁၇၆၂ ဧက)တို့အသီးသီး ဖြစ်ပါတယ်။ မိုးညှင်းမြို့နယ်အတွင်းမှာ ဆောင်းခါးရေလွှဲဆည်(အကျိုးပြု ဧက၁၂၀၀ဧက)၊ တကွင်းရေလွှဲဆည်(အကျိုးပြုဧက၄၀၀၀ ဧက)၊ ကြာကြီးကွင်းရေလွှဲဆည်(အကျိုးပြု ဧက၃၄၄၄ဧက)တို့ဖြစ်ပါတယ်။ ဗန်းမော်မြို့နယ်အတွင်းမှာ ပါးတိန့်ရေလွှဲဆည် (အကျိုးပြုဧက ၁၂၀၀ ဧက)နှင့် ပူတာအိုမြို့နယ်မှာ ဟိုဖိုင်ဆည်၊ မတ်ပန်ဆည်၊ လယ်မယ်ဝါဂျီဆည်(အကျိုးပြုဧက၁၀၅၂ဧက) နန့်ပလက်ဆည်(အကျိုးပြုဧက၄၀၀၀ဧက)၊ နန့်ရှယ်ရေလှောင်တမံ(အကျိုးပြုဧက၆၉၉၁ဧက)တို့ ဖြစ်ကြောင်း စူးစမ်းလေ့လာတိုင်းတာချက်များအရ ဖော်ထုတ်နိုင်ပြီဖြစ်ပါတယ်။ အဆိုပါ စူးစမ်းလေ့လာ ထားရှိသည့် ဆည်များကို လက်တွေ့အကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ခြင်းအားဖြင့် ကိုယ်စားလှယ်တော်ကြီးများတင်ပြခဲ့သလိုပဲ ပြည်နယ်၏စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေမှုနှင့်၊ ဒေသနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းခံစားရရှိစေနိုင်မည် ဖြစ်ပါ တယ်။ သို့ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ဦးစားပေးလုပ်ငန်းများ အစီအစဉ်အရ နိုင်ငံတော်၏ လယ်ယာကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးကို ဘက်စုံထောင့်စုံကနေ တွက်ချက်စီမံဆောင်ရွက်ပေးလျက်ရှိသည့် နည်းတူ နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများဖြစ်ကြတဲ့ ကာကွယ်ရေးလုပ်ငန်းတွေ၊ ဒေသတွင်း လမ်းတံတားများ ဆက်သွယ်မှုလုံခြုံကောင်းမွန်မှု လုပ်ငန်းတွေ၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ဦးစားပေး လုပ်ငန်းတွေဟာလည်းပဲ ဒေသရဲ့အခြေအနေပေါ်မူတည်ပြီးတော့မှ ရန်ပုံငွေအသုံးပြု ဆောင်ရွက် နေရမှု အခြေအနေများလည်းပဲ ရှိပါတယ်။ ထို့အတွက်ကြောင့် နိုင်ငံတစ်ဝန်း လိုအပ်ချက်တွေအပေါ် မူတည်ပြီးတော့မှ နိုင်ငံတော်အနေနဲ့ ရန်ပုံငွေခွဲဝေခွင့်ပြုပေးနိုင်မှုအပေါ်မှာ မူတည်ပြီး လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကိုယ်စားလှယ်တော်ကြီးများ တင်ပြခဲ့တဲ့ လုပ်ငန်းကို ကချင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးအလေးထားပေးပြီး တော့မှ အဆင့်ဆင့်စီမံအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း သိရှိလက်ခံ ပေးနိုင်ပါရန် လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်တင်သွင်းတဲ့ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီ ဖြစ်ရမည်ဟူသော ရည်မှန်းချက်များအောင်မြင်ရေးအတွက် စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်းတာတမံများ ဒေသအခြေအနေအရ တည်ဆောက်ပေးရေးအဆိုဟာ မဲခွဲဆုံးဖြတ်စရာ မလိုဘဲ လွှတ်တော်က မှတ်တမ်းတင်ထားရှိ ဆောင်ရွက်မယ့်အဆိုဖြစ်ကြောင်း ဒီလိုပဲ သဘောပေါက် ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနဲ့ပတ်သက်ပြီး လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်မှ အတည်ပြုတဲ့အတွက် အဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဦးခင်မောင်ဦး၊ မုံရွာမဲဆန္ဒနယ်၏ “တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတစွာ တန်ဖိုးရရှိရန်အတွက် ဆောင်ရွက်ရမည့် နည်းဥပဒေများကို နိုင်ငံတော်မှ လျင်မြန်စွာ ပြဋ္ဌာန်းပေးရန်” အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်း၍ အဆိုရှင်က အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန် ၊ ၁၃း ၂၈။**

**ဦးခင်မောင်ဦး(မုံရွာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့်ပြည့်စုံကြပြီး ပြည်သူများ၏ကောင်းကျိုးချမ်းသာကိုရရှိအောင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲ သီးနှံများ သင့်တင့်မျှတသော တန်ဖိုးရရှိရန်အတွက် ဆောင်ရွက်ရမည့်နည်းဥပဒေများကို လျင်မြန်စွာ ပြဋ္ဌာန်းပေးသင့်ပါကြောင်း အဆိုကို တင်သွင်းနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်သို့ ၁၀-၈-၂၀၁၁ ရက်နေ့က ပေးပို့တင်ပြခဲ့တာဖြစ်ပါတယ်။ ဒီလိုရက်စွဲကို တင်ပြရခြင်းဟာ ကျွန်တော်ရှေ့ဆက် တင်ပြသွားမယ့် သမ္မတကြီးရဲ့မိန့်ခွန်း ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ နိုင်ငံတော်သမ္မတကြီးက တက်ရောက် မိန့်ခွန်းပြောကြားရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်ဟူသော ပြဋ္ဌာန်းချက် နှင့်အညီ ကျွန်တော်တို့အစိုးရအနေနဲ့ တောင်သူလယ်သမားများ ထုတ်လုပ်မှုစရိတ် မကာမိသည့် အပြင် ဈေးနှိမ်ခံရခြင်းစသည့် အခက်အခဲများမှ ကင်းလွတ်စေရန် ပုဂ္ဂလိက ကဏ္ဍနဲ့ပူးပေါင်းပြီး ကူညီပံ့ပိုးမှုများ ဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်လို့ ၂၂-၈-၂၀၁၁ ရက်နေ့က မိန့်ကြားသွားတာကို မှတ်သားလိုက်ရပါတယ်။ တင်ပြတဲ့ရက်နဲ့ ၁၀-၈-၂၀၁၁ နဲ့ သမ္မတကြီး

မိန့်မှာသွားတဲ့ ရက် ၂၂-၈-၂၀၁၁ ဟာ ကျွန်တော်တင်သွင်းတဲ့အဆိုဟာ ရှေ့မှာရောက်နေတဲ့ သဘောကို ဆောင်ကြောင်းကို သိသာထင်ရှားအောင် တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီအဆိုနဲ့ပတ်သက်လို့ပဲ ကျွန်တော်တင်သွင်းတဲ့အဆိုနဲ့ အဓိပ္ပါယ်တူညီသော အဆိုကို ဧရာဝတီတိုင်း၊ ဇလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်က တင်သွင်းမယ်လို့ သိရှိရပါတယ်။ ဇလွန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်ရဲ့အဆိုဟာ ပိုမိုခိုင်လုံစွာ တည်ဆောက်ထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံ့အကျိုးကို သယ်ပိုးတဲ့နေရာမှာ ကျွန်တော်တို့တစ်တွေဟာ စုစုစည်းစည်းနဲ့ လေ့လာရေးနဲ့ မိမိတို့ကိုယ်စားလှယ်များရဲ့သိက္ခာ၊ လွှတ်တော်ရဲ့သိက္ခာကို မြှင့်တင်ရင်း ပိုမိုထိရောက်တဲ့အဖြေကို ရှာကြံတာဟာ အလေးထားခဲ့ကြရပါပြီ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်သမ္မတ၏ ၂၂-၈-၂၀၁၁ မိန့်ခွန်းဟာ ကျွန်တော်တင်ပြမယ့်အဆိုနဲ့ တစ်သဘောတည်း ဖြစ်နေတဲ့အတွက်တစ်ကြောင်း၊ ဇလွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်၏ အဆိုဟာ ပိုမိုလေးနက်သော အဓိပ္ပါယ်ဆောင်ထားတာတစ်ကြောင်း၊ ဒီအကြောင်းနှစ်ကြောင်းကို သုံးသပ်ပြီး ကျွန်တော်၏ အဆိုကိုတင်သွင်းခြင်းမပြုတော့ဘဲ ပြန်လည်ရုတ်သိမ်းခွင့် ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

## ဦးဆားမူ၊ လဟယ်မဲဆန္ဒနယ်၏ "နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(လေရှီး၊ လဟယ်၊ နန်းယွန်း) မြို့နယ်များအတွင်း နေထိုင်လျက်ရှိသည့် နာဂတိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး"အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ ဦးဆားမူ၊ လဟယ်မဲဆန္ဒနယ်မှ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း ၃၂။**

**ဦးဆားမူ(လဟယ်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု အစိုးရဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ တက်ရောက်လာတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပြီး နိုင်ငံအကျိုး၊ လွှတ်တော်အကျိုးဆထက်ထမ်းပိုးသယ်ပိုးနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းရင်း ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူဖြစ်ပါတယ်။ ကျွန်တော်ရဲ့အဆိုဖြစ်တဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လေရှီး၊လဟယ်၊နန်းယွန်း)မြို့နယ်များ

အတွင်း နေထိုင်လျက်ရှိသောနာဂတိုင်းရင်သားများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအဆိုကို တင်သွင်းခွင့်ပြုပါရန် လေးစားစွာတင်ပြပါတယ် ခင်ဗျား။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နဂဒေသဟာ ခေတ်အဆက်ဆက်က နောက်ကျကျန်ရစ်ခဲ့တဲ့မြို့နယ်တွေ ဖြစ်ပါတယ်။ ဒါပေမယ့် ၁၉၈၈ နောက်ပိုင်းမှာ တပ်မတော်အစိုးရလက်ထက် နာဂဒေသဟာများစွာ ဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ လမ်းတံတားကဏ္ဍတွင်ကတ္တရာလမ်း ၅၄ မိုင်၊ ကျောက်ခင်းလမ်း ၁၃ မိုင်၊ မြေသားလမ်း ၂၂၈ မိုင် ဖောက်လုပ်ပေးခဲ့ပြီး သံမဏိကြိုးတံတားတစ်စင်း၊ သံဘောင်တံတားသုံးစင်း၊ သစ်သားတံတား ၅၅ စင်း၊ လူကူးကြိုးတံတား ၄၄ စင်း ဆောက်လုပ်ပေးခဲ့သဖြင့် ယခင်ကခြေလျင်ခရီးဖြင့်သာသွားရသော လေရှီး-ထမံသီ ၄၁ မိုင်၊ ဆင်သေ-လဟယ် ၅၆ မိုင်၊ ရှင်ဗွေယန်-နန်းယွန်း ၃၂ မိုင်၊နန်းယွန်း-ပန်ဆောင် ၃၄ မိုင် လမ်းတွေဟာ ပွင့်လင်းရာသီတွင် ကားဖြင့်သွားလာနိုင်ပြီး ဖြစ်ပါတယ်။ ပညာရေးကဏ္ဍတွင် အထက်တန်းကျောင်းခုနစ်ကျောင်း၊ အထကခွဲတစ်ကျောင်း၊ မူလွန်ကျောင်း၂၃ ကျောင်း၊ အမက ကျောင်း ၁၅၃ ကျောင်း တိုးတက်ဖွင့်လှစ်ပေးခဲ့သဖြင့် နာဂတိုင်းရင်းသားများ ပညာသင်ကြားရေး တိုးတက်လာကာ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ၁၀၀၀ ကျော် အောင်မြင်ခဲ့သဖြင့် တက္ကသိုလ်၊ ကောလိပ်ကျောင်းအသီးသီးသို့ တက်ရောက်ပညာသင်ကြားနေပြီဖြစ်ပါတယ်။ ကျန်းမာရေးကဏ္ဍအနေဖြင့် ၂၅ ခုတင်ဆံ့သုံးရုံ၊ တိုက်နယ်ဆေးရုံ ခြောက်ခု၊ ကျန်းမာရေးဌာန ၁၃ ခု၊ ကျန်းမာရေးဌာနခွဲ ၅၃ ခု တိုးတက်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ထို့အတူ အခြားကဏ္ဍများဖြစ်သော ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးလင်းရေး၊ ဆက်သွယ်ရေးကဏ္ဍများလည်း များစွာတိုးတက်ပြောင်းလဲလာခဲ့ပါတယ်။ ယခုဆိုလျှင် လေရှီး၊ လဟယ်၊ နန်းယွန်းနှင့် ပန်ဆောင် မြို့နယ်ခွဲတွေမှာဆက်သွယ်ရေးဝန်ကြီးဌာနမှ စီဒီအမ်အေ ၄၅၀ မဂ္ဂါဟတ်(ဇ်)မိုဘိုင်းဖုန်းတပ်ဆင်ပေးထားသဖြင့် ဒေသခံနာဂတိုင်းရင်းသားများ ဝမ်းမြောက်ဝမ်းသာ ရှိနေကြပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နာဂတိုင်းရင်းသားများအတွက် ဆင်းရဲနွမ်းပါမှု လျှော့နည်းစေရေး နိုင်တော်အစိုးရအနေဖြင့် အရှိန်မြှင့်လုပ်ဆောင်ပေးနိုင်ရေးအတွက် အောက်ပါအဓိကအချက်များကို အဆိုပြုတင်ပြသွားလိုပါတယ် ခင်ဗျား။ (၁)နာဂဒေသမြို့နယ်များမှ ပြည်မထွက်ပေါက်လမ်းများဖြစ်သော လေရှီး-ထမံသီ ၄၂ မိုင်၊ လဟယ်-ဆင်သေ ၅၆ မိုင် နန်းယွန်း-ရှင်ဘွေယန်-ပန်ဆောင်လမ်း ၆၆ မိုင်တို့ကို ရာသီမရွေးသွားလာနိုင်သည့်လမ်းများဖြစ်စေရန် ဆောင်ရွက်ပေးပါရန်။ (၂) ရွှေ့ပြောင်းတောင်ယာစနစ်မှ အခြေချတောင်ယာလှေကားထစ်စနစ် လယ်ယာကူးပြောင်းလုပ်ကိုင်နိုင်ရေး၊ နှစ်ရှည်သီးနှံစိုက်ပျိုးနိုင်ရေး၊

စီးပွားဖြစ် နွားနောက်မွေးမြူနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်ပေးပါရန်။ (၃)နာဂဒေသ (လေရှီး-လဟယ်-နန်းယွန်း)ရှိ ပြည်သူ့ဆေးရုံများတွင် လစ်လပ်လျက်ရှိသောဆရာဝန်များ ခန့်ထားပေးပါရန်တို့ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ နာဂတိုင်းရင်းသားများကို နိုင်ငံတော်အစိုးရအနေဖြင့် အဖက်ဖက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးနေခြင်းကို ဒေသခံနာဂတိုင်းရင်းသားများက သိရှိကြပြီးဖြစ်ပါတယ်။ သို့သော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ တစ်ဦးချင်းဝင်ငွေနည်းပါးနိမ့်ကျခြင်းတို့ကြောင့် ယခု အစိုးရအသစ်နှင့် လွှတ်တော်အစည်းအဝေးများတွင် နာဂဒေသဆက်လက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ တင်ပြရခြင်းဖြစ်ကြောင်း အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဇင်းဝမ်(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇင်းဝမ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဆားမူတင်သွင်းသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်၊ နန်းယွန်း မြို့နယ်များတွင် နေထိုင်လျက်ရှိသည့် နာဂတိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအဆိုကို ဤလွှတ်တော်တွင် ဆွေးနွေးနိုင်ရေးအတွက် လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

## အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ တင်သွင်းတဲ့ အဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးမယ့် ရက်ကို ထပ်မံကြေညာပါမယ်။ ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များ ဒီကနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

## ဦးမောင်ဦး၊ တပ်ကုန်းမဲဆန္ဒနယ်၏ "အများပိုင်ကုမ္ပဏီများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ခွင့်ပြုရေး"အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန် ၊ ၁၁း ၄၀။**

**ဦးမောင်ဦး(တပ်ကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို ကျန်းမာချမ်းသာကြစေကြောင်း ဆုမွန်ကောင်း ပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုနယ်မြေ၊ တပ်ကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့် အများပိုင်ကုမ္ပဏီ Public Company များကို ဥပဒေနှင့်အညီ စိစစ်၍ ဆောင်ရွက်ခွင့်ပြုပါရန်ဆိုတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ကိန်းဂဏန်းအချက်အလက်များ ပါဝင်နေတဲ့အတွက် စာဖြင့်ဖတ်ကြားတင်သွင်းခွင့်ပြုရန် ခွင့်ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အများပိုင်ကုမ္ပဏီ Public Company များကို ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂(၁)၊ ပုဒ်မခွဲ ၁၃(က)အရ တရားဝင်လျှောက်ထားနိုင်ကြောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ မြန်မာကုမ္ပဏီAct ၁၉၁၄ အရ Public ကုမ္ပဏီများဟာ အများပိုင်ကုမ္ပဏီဖြစ်ရန်အတွက် ဥပဒေပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များတွင် ပုဂ္ဂလိကကုမ္ပဏီများနှင့် အဓိက ကွာခြားနေတဲ့ စည်းကမ်းချက် သုံးချက်ရှိသည်ကို လေ့လာတွေ့ရှိရပါတယ်။ ၎င်းတို့ကတော့ (က) အစုရှင်ဦးရေကို အနည်းဆုံး ခုနှစ်ဦးမှ အများဆုံး အကန့်အသတ်မရှိ ပါဝင်နိုင်ခြင်း။ (ခ)အစုရှယ်ယာများလွှဲပြောင်းခွင့်ကို ချုပ်ချယ်ကန့်သတ်မှုမရှိခြင်း။(ဂ)အစုရှယ်ယာများကို အများပြည်သူတို့ ဖိတ်ခေါ်နိုင်ခြင်းတို့ ပါဝင်ပါတယ်။ ယနေ့အထိ မှတ်ပုံတင် ဖွဲ့စည်းခွင့်ပေးထားတဲ့ အများပိုင် မြန်မာကုမ္ပဏီ ၁၈ ခုနှင့် ဖက်စပ်မြန်မာကုမ္ပဏီ ၃ ခု စုစုပေါင်း ၂၁ ခုကို ခွင့်ပြုထားရှိခဲ့ကြောင်း မေးမြန်းသိရှိရပါတယ်။ အများပြည်သူထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့ကြတဲ့ ပုဂ္ဂလိက

လုပ်ငန်းအချို့ရဲ့ မသမာမှုလုပ်ရပ်ကြောင့် အများပြည်သူပိုင်ဆိုင်တဲ့ ငွေတွေဆုံးရှုံးခဲ့ရတဲ့ သာဓကတွေ ရှိခဲ့ပါတယ်။ ဖွဲ့စည်းခွင့်ရရှိထားတဲ့ ကုမ္ပဏီများအနေနဲ့ ဥပဒေပါအတိုင်း သတ်မှတ်ထားတဲ့ ကိစ္စများကို အပြည့်အဝ လိုက်နာဆောင်ရွက်ပေးနိုင်မှသာ ပြည်သူတို့ ထည့်ဝင်တဲ့ အရင်းအနှီးများ မဆုံးရှုံးစေရန် ကာကွယ်ပြီးသား ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကုမ္ပဏီများက ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်နိုင်တဲ့အချိန် စတဲ့အခါမှာ စနစ်တကျ စိစစ်ခွင့်ပြုနိုင်ရန်နဲ့ ယခင်ကာလတွင် အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းမှုကို ကန့်သတ်ထားခဲ့ကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အများပိုင်ကုမ္ပဏီများကို ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ခွင့် ရရှိခဲ့မယ်ဆိုရင် ငွေပိုငွေလျှံရှိတဲ့ ပြည်သူများအနေနဲ့ ကုမ္ပဏီမှ အစုရှယ်ယာများကို ဝယ်ယူ၍ ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ဝင်ငွေရရှိလာနိုင်မှာ ဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီများအနေနဲ့လည်း အစုရှယ်ယာထည့်ဝင်ခြင်းဖြင့် အရင်းအနှီးပမာဏ ကြီးမားလာတာနဲ့အမျှ လုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်နိုင်စေလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ၎င်းအပြင် အများပိုင်ကုမ္ပဏီများက အစုရှယ်ယာများကို ဥပဒေနှင့်အညီ စတော့အဖြစ် ပြောင်းလဲပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိလာနိုင်တဲ့အတွက် အရင်းအနှီးဈေးကွက် Capital Market နဲ့ စတော့ရှယ်ယာဈေးကွက် (Stock Share Market)များ ပေါ်ထွန်းလာရေးအတွက်လည်း ဆက်လက် အကောင်အထည်ဖော်လာနိုင်မှာဖြစ်ပါတယ်။ မှတ်ပုံတင်ခွင့်ပြုခဲ့တဲ့၊ ခွင့်ပြုပြီးဖြစ်တဲ့ အများပိုင်ကုမ္ပဏီများ ခိုင်မာရေး၊ ဥပဒေနှင့်အညီ စီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရေး၊ မသမာမှု၊ အလွဲသုံးစား ပြုမှုများကြောင့် ပြည်သူတို့ရဲ့ ထည့်ဝင်ငွေတွေ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် မသမာမှုပြုလုပ်သူများကို ထိရောက်စွာ အရေးယူ အပြစ်ပေးနိုင်ရန် ဥပဒေများပြဋ္ဌာန်းပြီး အကာအကွယ်ပေးရန်လည်း လိုအပ်မှာ ဖြစ်ပါတယ်။

ဒေသအတွင်း ဖွံ့ဖြိုးဆဲနိုင်ငံ (Developing Country)များရဲ့ စီးပွားရေးဖြစ်ထွန်းမှု အခြေအနေတွေကို လေ့လာချက်အရလည်းကောင်း၊ မိမိနိုင်ငံရဲ့ လက်ရှိစီးပွားရေးအခြေအနေအရလည်းကောင်း၊ အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခွင့်ကို စောနိုင်သမျှ စောစွာခွင့်ပြုသင့်ပြီး၊ ထိုသို့ခွင့်ပြုသဖြင့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အပြည့်အဝ လိုက်နာဆောင်ရွက်မှုတွင် အားနည်းချက် ရှိနိုင်ပေမဲ့လည်း နိုင်ငံ့စီးပွားရေးအတွက် အကျိုးဖြစ်ထွန်းမှု ပိုမိုရရှိနိုင်ကြောင်း သုံးသပ်ယူဆရရှိပါတယ်။

သို့ပါ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာမှာ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထုအတွက် ဝင်ငွေပိုမိုရရှိစေရန် အထောက်အကူပြုစေနိုင်မယ့် အများ

ပိုင်ကုမ္ပဏီ (Public Company) များကို ဥပဒေနဲ့အညီစိစစ်၍ ဆောင်ရွက်ခွင့်ပြုပါရန် ကျွန်တော်၏ အဆိုကို တင်သွင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစံလှိုင်(တောင်ကုတ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံလှိုင်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ နေပြည်တော်တပ်ကုန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးရဲ့ အဆိုဖြစ်တဲ့ အများပိုင်ကုမ္ပဏီ (Public Company) များကို ဥပဒေနှင့်အညီစိစစ်၍ ဆောင်ရွက်ခွင့် ပြုရန်အဆိုကို ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံ အဖြစ်တည်ဆောက်ရာမှာ ပုဂ္ဂလိကအခန်းကဏ္ဍ ပိုမိုတိုးတက်ရန် အားပေးမြှင့်တင်ဆောင်ရွက်ပေး ရမှာဖြစ်ပါတယ်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်တဲ့အရင်းအနှီးများကို အများပိုင် ကုမ္ပဏီများအနေဖြင့် အစုရှယ်ယာများကို ဥပဒေသတ်မှတ်ချက်များနဲ့အညီ ဈေးကွက်တွင် ထုတ်ဝေ ရောင်းချမှုရရှိနိုင်မည်ဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူရရှိ နိုင်မှာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ လက်ဝယ်ရှိငွေကြေးများကို စီးပွားရေးလုပ်ငန်းများတွင် တရားဝင် ရင်းနှီးမြှုပ်နှံမှု ပြုနိုင်ခွင့်ရရှိစေခြင်းအားဖြင့် ပြည်သူများ၏ဝင်ငွေပိုမိုရရှိလာမှာဖြစ်ပါတယ်။ နိုင်ငံ စီးပွားရေး ပိုမိုတိုးတက်ရင်းနှီးနိုင်မှာလည်းဖြစ်ပါတယ်။ ဒေသအတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း ပုဂ္ဂလိကစီးပွားရေးကဏ္ဍတွင် အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း လေ့လာ တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ဦးမောင်ဦးတင်သွင်းတဲ့ အများပိုင်ကုမ္ပဏီ(Public Company) များကို ဥပဒေနဲ့အညီစိစစ်၍ ဆောင်ရွက်ခွင့်ပြုရန်အဆိုကို ထောက်ခံအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

## အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦးတင်သွင်းတဲ့အဆိုနဲ့စပ်လျဉ်း၍ ဆွေးနွေးမယ့် ရက်ကိုထပ်မံကြေညာပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းဖို့ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး ဒသမနေ့ကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်၊ သောကြာနေ့ ၁၀၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၃း၅၀ နာရီ အချိန်တွင် ရပ်နားပါသည်။]